# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၀၃)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးနှင့် သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီသည့် အဆင့်မြင့်ဈေးဖြစ်ပေါ်လာစေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုမင်္ဂလာဈေး(ညံတောဈေး)ခြောက်ထပ်အဆင့်မြင့် ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ ညနေပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင် ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑


**ယနေ့ ဖတ်စရာ**


ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်၊ ဥပဒေများ စာအုပ်နှင့် ၂၀၂၄ ခုနှစ်၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ စာအုပ်တို့ ထုတ်ဝေ — ပြည်တွင်းသတင်း — စာ ၅

အနာဂတ်ကို စိုးမိုးကြမည့်လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေရေး ဆရာများ အတူတကွလက်တွဲ ပူးပေါင်းဆောင်ရွက်ကြပါစို့ — ဆောင်းပါး — စာ ၆

၂၀၂၆ ခုနှစ် အမျိုးသမီး ဘတ်စကက်ဘော ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လက်မှတ်ရောင်းချမှုစတင် — နိုင်ငံတကာသတင်း — စာ ၁၄

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီး၌ ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

- **ရထားလမ်းပိုင်းပြန်လည်ဖွင့်လှစ်ချိန်တွင် ရထားများ အဆင်ပြေချောမွေ့စွာဖြင့် ပြေးဆွဲဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်**
- **ပြင်ဦးလွင်-ဂုတ်ထိပ်- နောင်ပိန်ရထားလမ်းပိုင်း၌ ပြည်တွင်း / ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်မီးသွေး သုံးမီးရထားစက်ခေါင်းများ အသုံးပြု၍ပြေးဆွဲနိုင်ရေးဆောင်ရွက်**
- **ယခုကျရောက်မည့် သီတင်းကျွတ်ကာလ အများပြည်သူရုံးပိတ်ရက်များတွင် ရန်ကုန် - နေပြည်တော် - မန္တလေး လူစီးရထားများ ထပ်မံတိုးချဲ့ပြေးဆွဲ**

❑ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ဘူတာကြီးသို့ ရောက်ရှိကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မန္တလေး – လားရှိုး ရထားလမ်းပိုင်းရှိ ပြင်ဦးလွင် – နောင်ချို – ဂုတ်ထိပ် – ကျောက်မဲ ရထားလမ်းပိုင်းအား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ပျက်စီးခဲ့သည့် ဂုတ်ထိပ် – နောင်ပိန်ကြား ဂုတ်ထိပ်တံတားတိုင်အမှတ်(၁၆)နှင့် ကမ်းကပ်ခုံအမှတ်(၂) အကြား ထိခိုက်ပျက်စီးမှုအား ရေးမူလပုံစံပါအတိုင်း သံပေါင်အသစ် အစားထိုးပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ပျက်စီးခဲ့သည့် သံပေါင်အဟောင်းအား ဖယ်ရှားရှင်းလင်း၍ ယာယီအဖြစ် Way Beam သံပေါင်များ ထည့်သွင်းပြီး သံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပျက်စီးခဲ့သည့်သံပေါင်နှင့် ပုံစံတူသံပေါင်သစ်အား ပြန်လည်ထုတ်လုပ်လျက်ရှိမှု၊ လမ်းပိုင်းတစ်လျှောက် တောချုံခုတ်ခြင်းနှင့် လမ်းပိုင်းများပြုပြင်ခြင်း၊ ထုံးဖို – ပြင်ဦးလွင်–နောင်ချို–ဂုတ်ထိပ်–ကျောက်မဲရထားလမ်းပိုင်းပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းနှင့် ရထားလမ်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများရှင်းလင်းခဲ့မှုအခြေအနေများ၊ ရထားသံလမ်း အစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား သောင်းကျန်းသူများက ဖျက်ဆီးခဲ့မှုများ၊ သံလမ်းဆက်ပြား ၃၈၃၂ ပြား၊ မူလီ ၁၇၁၈၈ လုံး၊ သံလမ်းထိန်းကလစ် ၁၆၃၁၁၅ ချောင်းတို့အား အကြမ်းဖက်သောင်းကျန်းသူများက ခိုးယူသွားမှုနှင့် အချိန်မီအစားထိုးတပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ရထားလမ်းပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဂုတ်ထိပ်တံတားပြုပြင်ခြင်း လုပ်ငန်းများနှင့် တံတားလုံခြုံရေးအတွက် လိုအပ်သည်များကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရထားလမ်းပိုင်းများအလိုက် ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းများဆောင်ရွက်ရာတွင်လည်း မီးရထားများ လုံခြုံချောမွေ့စွာဖြင့် ပြေးဆွဲနိုင်ရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းအတွက် လိုအပ်သည့်ကျောက်များကိုလည်း သတ်မှတ်ချက်နှင့်အညီ ထည့်သွင်းဆောင်ရွက်ရန် လိုကြောင်း၊ ရထားလမ်းပိုင်းတစ်လျှောက်ရှိ တံတားများ၏ ကြံ့ခိုင်ရေးကိုလည်း ပြန်လည်စစ်ဆေးပြီး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းပိုင်းပြန်လည်ဖွင့်လှစ်ချိန်တွင် ရထားများ အဆင်ပြေချောမွေ့စွာဖြင့် ပြေးဆွဲဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်–ဂုတ်ထိပ်–နောင်ပိန်ရထားလမ်းပိုင်း၌ ပြည်တွင်း / ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်မီးသွေးသုံး မီးရထားစက်ခေါင်းများအသုံးပြု၍ ပြေးဆွဲနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကျရောက်မည့် သီတင်းကျွတ်ကာလ အများပြည်သူရုံးပိတ်ရက်များတွင် ရန်ကုန် – နေပြည်တော် – မန္တလေး လူစီးရထားများ ထပ်မံတိုးချဲ့ပြေးဆွဲသွားရန် လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**လိုအပ်သည်များမှာကြား**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး)ခြောက်ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတော်အကြီးအကဲစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အထပ်အလိုက်ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ယာဉ်ရပ်နားသည့်နေရာများဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက်

*စာမျက်နှာ ၄ သို့*



ပျက်စီးသွားသော သံပေါင်အဆက်နေရာမှ ပေ ၃၀ ဖြတ်ထုတ်ဖယ်ရှားခြင်း ဓာတ်ပုံမှတ်တမ်း။



ပျက်စီးသွားသော သံပေါင်အဆက်နေရာမှ ပေ ၃၀ ဖြတ်ထုတ်ဖယ်ရှားပြီး Way Beam သံပေါင်အား ထည့်သွင်းတပ်ဆင်ရန် ပြင်ဆင်ဆောင်ရွက်ဆဲဓာတ်ပုံမှတ်တမ်း။



ဆမ်ဆယ်ဘူတာမှ နောင်ချိုဘူတာကြား လမ်းဘေးတောခုတ်ခြင်းဆောင်ရွက်နေသည့် ဓာတ်ပုံမှတ်တမ်း။



အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများရှာဖွေတွေ့ရှိမှု ဓာတ်ပုံမှတ်တမ်း။

*စာမျက်နှာ ၃ မှ*

ကောင်းမွန်စေရေးနှင့် ရေဆိုးစွန့်ထုတ်မှုတို့အတွက် တွက်ချက်ဆောင်ရွက်ထားရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆိုလာပြားများ တပ်ဆင်ဆောင်ရွက်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပံ့ပိုးဆောင်ရွက်သွားမည့်အခြေအနေများ၊ စီမံကိန်းအား သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ဆောက်လုပ်မှုစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ယခု အဆင့်မြင့်ဈေးသစ်တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှုများပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီသည့် အဆင့်မြင့်ဈေးဖြစ်ပေါ်လာစေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုပြီး သန့်ရှင်းမှုရှိစေရေးကို အလေးထားဆောင်ရွက်သွားရန်နှင့် ရေ / မီးစနစ်များ စနစ်တကျရှိစေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေး စီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ အောက်တိုဘာ ၂**

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။(ယာပုံ)



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီနှင့် ခရိုင်၊ မြို့နယ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ကြောင်း၊ မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းနှင့် မဲပေးစက်ကိုင်တွယ် အသုံးပြုနည်း သင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့ပြီး မဲပေးစက်နှင့် စပ်လျဉ်း၍ အများပြည်သူ သိရှိနားလည်ကာ ရွေးကောက်ပွဲတွင် လွယ်ကူလျင်မြန်စွာမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ပြည်သူအားလုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်စေရန် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အားလုံးပူးပေါင်းပါဝင်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကြီးနှင့် ရခိုင်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲ အရာရှိတို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ ရခိုင်ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် လုံခြုံရေးဆောင်ရွက်မည့် အစီအမံများနှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ **တင်ထွန်း (ပြန်/ဆက်)**

**ဓာတ်ပုံ-ဝင်းမင်းစိုး**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ (A-1/ A-3)တွင် Shwe Phase 4 Development Drilling Campaign လုပ်ငန်းများအား Rig “Bluewhale-1” ဖြင့် ဆောင်ရွက်သွားမည့် ဧရိယာအကျယ်အဝန်းကိုဖော်ပြသည့် Coordinate များဖြစ်သော Point MHD-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၆ ဒသမ ၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၅၃ ဒသမ ၇၁ စက္ကန့်၊ Point MHD-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၈ ဒသမ ၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၅၃ ဒသမ ၇၁ စက္ကန့်၊ Point MSD-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၉ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၈ မိနစ် ၃၃ ဒသမ ၈၇ စက္ကန့်နှင့် SHD-Q မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၇ မိနစ် ၄၇ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၂ ဒသမ ၅ စက္ကန့် တို့အတွင်းတွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ (A-1/ A-3) တွင် Shwe Phase 4 Development Drilling Campaign လုပ်ငန်းများအား Rig “Bluewhale-1” တွင်းတူးစက်ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**



မွန်ပြည်နယ် ပေါင်မြို့နယ်၌ မိုးစပါးဆစ်ပိုးကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂ ရက်က ကျေးရွာနှစ်ရွာ၌ ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စွာလှိုင်နှင့် ဝန်ထမ်းများနှင့်အတူ တောင်သူများက ဆောင်ရွက်စဉ်။မွန်မလေး(ပြန်/ဆက်)

# ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

## ပြည်သူများအတွက် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖြစ်လာစေရန် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြစေလို



**နေပြည်တော် အောက်တိုဘာ ၂**

**ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။** (ဓါတ်ပုံ)

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ကော်မတီအတွက် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအတိုင်း နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖြစ်လာစေရန် လုပ်ငန်းကော်မတီဝင်များအားလုံးက တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လုပ်ငန်းတာဝန် ၁၈ ရပ်နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဌာနအလိုက် ဆောင်ရွက်နေသော တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်နေမှုကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး စက်မှုဇုန်ရှိ မြင့်မြတ်မောင် ကုမ္ပဏီလီမိတက်၏ SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်သည့်စက်ရုံ၌ Dongfeng အမှတ်တံဆိပ် လျှပ်စစ်သုံး မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်အနေဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကိုဖွဲ့စည်းပြီး လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ကြောင်း၊ မူဝါဒတွင် ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ဖွံ့ဖြိုးရေး လမ်းပြမြေပုံများ သတ်မှတ်ရေးဆွဲထားပြီး ဖြစ်၍ မူဝါဒနှင့်အညီ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မော်တော်ယာဉ်အစိတ်အပိုင်းများကို သတ်မှတ်ထားသည့်အတိုင်း ပြည်ပမှတင်သွင်း၍ တပ်ဆင်ထုတ်လုပ်နေရုံဖြင့် ကျေနပ်မနေဘဲ မော်တော်ယာဉ်၏ တချို့အစိတ်အပိုင်းများကို ပြည်တွင်း၌ ကိုယ်တိုင် ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူအများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိကာ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းတာဝန်များကို အလေးထား ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးမြို့၌ ကျင်းပသည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်ကာ လယ်ယာသုံး စက်ကိရိယာပစ္စည်းပြပွဲ၊ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။



အဆိုပါပြပွဲကို အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပပြီး တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ထားရှိသည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများ၏ စွမ်းဆောင်ရည်ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည့်အပြင် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲအစေ့ချစက်၊ သီးနှံအခြောက်ခံစက်၊ သီးနှံစုံ ခြွေလှေ့စက်၊ ကြံစိုက်စက်၊ နှမ်းစိုက်စက်၊ ဆေးဖျန်းစက်၊ ထွန်စက်ကြီးများနှင့် တွဲဖက်အသုံးပြုရသည့် ထယ်၊ ထွန်များ၊ ပေါင်းလိုက်သမန်းနှီး ကိရိယာများ၊ သဘာဝဓာတ်မြေဩဇာများ စသည့် လယ်ယာသုံးပစ္စည်း ၈၃ မျိုးကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်၊ ဥပဒေများစာအုပ်နှင့် ၂၀၂၄ ခုနှစ်၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်တို့ ထုတ်ဝေ

**နေပြည်တော် အောက်တိုဘာ ၂**

ဥပဒေရေးရာဝန်ကြီးဌာနသည် လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲများပြုစုခြင်းနှင့် ထုတ်ဝေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်အလိုက် ပြဋ္ဌာန်းခဲ့သော ဥပဒေများကိုစုစည်း၍ ဥပဒေများစာအုပ်ကိုလည်းကောင်း၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ကြေညာချက်များကို စုစည်း၍ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်ကိုလည်းကောင်း နှစ်စဉ်ထုတ်ဝေလျက်ရှိပြီး ယခုအခါ ၂၀၂၄ ခုနှစ်၊ ဥပဒေများ စာအုပ်နှင့် ၂၀၂၄ ခုနှစ်၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များ စာအုပ်တို့ကို ထုတ်ဝေပြီးဖြစ်ပါသည်။

"၂၀၂၄ ခုနှစ်၊ ဥပဒေများစာအုပ်" သည် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သောဥပဒေများကို စုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး အဆိုပါစာအုပ်တွင် ဥပဒေပေါင်း (၇၀) ပါဝင်ပါသည်။

"၂၀၂၄ ခုနှစ်၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်" သည် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များကို စုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး အဆိုပါစာအုပ်တွင် နည်းဥပဒေ (၆) ခု၊ လုပ်ထုံးလုပ်နည်း (၇) ခု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ပေါင်း (၆၄) ခုတို့ ပါဝင်ပါသည်။

အဆိုပါ ၂၀၂၄ ခုနှစ်၊ ဥပဒေများစာအုပ်နှင့် ၂၀၂၄ ခုနှစ်၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်တို့ကို ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူနိုင်ကြောင်း သိရှိရပြီး ယင်းစာအုပ်များသည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်များဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့်ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်သော စာအုပ်ကောင်းဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်များဖြစ်ကြောင်း သိရှိရသည်။







**သတင်းစဉ်**

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# အနာဂတ်ကို စိုးမိုးကြမည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိလာစေရေး ဆရာများ အတူတကွလက်တွဲ ပူးပေါင်းဆောင်ရွက်ကြပါစို့

**ကမ္ဘာတစ်ဝန်းရှိ ဆရာအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ ရောက်တိုင်း ကမ္ဘာ့ဆရာများနေ့ကို ကျင်းပကြသည်။ ILO/ UNESCO မှ ဆရာများ၏ အဆင့်အတန်းအခြေအနေ (Status of Teachers) နှင့်သက်ဆိုင်သည့် အကြံပြုချက် (၁၉၆၆ ခုနှစ်)ကို လက်ခံခဲ့သည့် ဤနေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် ဂုဏ်ပြုကျင်းပကြခြင်းဖြစ်ပါသည်။**

*ဒေါက်တာခင်မျိုးမြင့်ကြူ(ပညာရေး)*

ထိုအကြံပြုချက်တွင် ဆရာများ၏ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ၊ လုပ်ခွင်ဝင်စ ဆရာများ၏ ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ ဆရာအင်အား ဖြည့်ဆည်းခြင်း၊ အလုပ်ခန့်ထားခြင်းများနှင့် သင်ကြားသင်ယူမှုအခြေအနေများဆိုင်ရာ စံချိန်စံညွှန်းများကို ဖော်ပြထားသည်။ ထို့နောက် ၁၉၉၇ ခုနှစ်တွင် အဆင့်မြင့်ပညာရေးဆရာများ၏ အဆင့်အတန်းအခြေအနေဆိုင်ရာ အကြံပြုချက်ကိုလည်း လက်ခံခဲ့ပြီး ၁၉၆၆ ခုနှစ် အကြံပြုချက်ကို ဖြည့်ဆည်းပေးခဲ့သည်။

**အကျိုးကျေးဇူးများ ဂုဏ်ပြုလေးစားသည့်နေ့**

ကမ္ဘာ့ဆရာများနေ့ကို ပထမဦးဆုံး ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ၁၉၆၆ ခုနှစ် ညီလာခံကျင်းပပြီး နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် စတင်ကျင်းပခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့တိုင်အောင် နှစ်စဉ်ကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်လာပြီး ဆရာများ၏ လူ့အဖွဲ့အစည်းအတွက် ထူးထူးခြားခြားပေးဆပ်ခဲ့သည့် အကျိုးကျေးဇူးများကို အသိအမှတ်ပြု၍ ဂုဏ်ပြုလေးစားသည့်နေ့အဖြစ် ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုခံခဲ့ရပါသည်။

အမှန်စင်စစ် ဤနေ့သည် ပညာရေးတွင် ဆရာ၏ အခန်းကဏ္ဍအရေးပါမှုကို အသိအမှတ်ပြုပြီး ဆရာများ၏ စွမ်းစွမ်းတမံဆောင်ရွက်မှုများကို ဂုဏ်ပြုသည့်နေ့ထူးနေ့မြတ်ဖြစ်ရုံသာမက တာဝန်ရှိသူများအနေဖြင့် ဆရာများ၏ ထူးချွန်သည့် အရည်အချင်းများနှင့် အလုပ်အကိုင်စွမ်းဆောင်နိုင်စွမ်းများကို အပြည့်အဝအသုံးချနိုင်ရန် လိုအပ်သည့် ပံ့ပိုးမှုများကို သတိထားစဉ်းစားရန်နှင့် အနာဂတ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်လျှောက်လှမ်းရမည့် လုပ်ငန်းစဉ်များ၊ မူဝါဒနှင့် မဟာဗျူဟာ၊ နည်းဗျူဟာများကို ပြန်လည်စဉ်းစား သုံးသပ်ဖော်ထုတ်ရန်အတွက်လည်း အရေးကြီးသောနေ့တစ်နေ့ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအများစုသည် နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် ကျင်းပကြသော်လည်း အချို့နိုင်ငံများသည် ၎င်းတို့နိုင်ငံ၏ ပညာရေး သို့မဟုတ် ဆရာများနှင့် သက်ဆိုင်သည့် နေ့ထူးနေ့မြတ်များကို ရွေးချယ်သတ်မှတ်၍ ကျင်းပကြသည်လည်း ရှိပါသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံသည် ကျောင်းဆရာတစ်ဦးဖြစ်ခဲ့သည့် ဒုတိယသမ္မတ Dr. Sarvepalli Radhakrishnan ၏ မွေးနေ့ဖြစ်သည့် စက်တင်ဘာလ ၅ ရက်နေ့ကို ဆရာများနေ့အဖြစ် သတ်မှတ်လျက် နှစ်စဉ်အခမ်းအနား ကျင်းပ




လျက်ရှိပါသည်။ ဂျပန်နိုင်ငံတွင်မူ ဆရာများနေ့ဟူ၍ သီးခြားသတ်မှတ်ကျင်းပခြင်းမရှိဘဲ နေ့စဉ်ဘဝအတွင်း ဆရာများကို လေးစားဂုဏ်ပြုမှုနှင့် ချီးမွမ်းမှုများကို အခြေခံတည်ရှိနေသည့် ယဉ်ကျေးမှုတန်ဖိုးများအရ နေ့စဉ်ဆရာများနေ့ဖြစ်သည်ဟု ယူဆကြပါသည်။

ထို့အတူပင် ဆရာများနေ့ ကျင်းပကြရာတွင်လည်း အကြောင်းအရာအမျိုးမျိုး ကွဲပြားကြပါသည်။ မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် အကြောင်းအရာများကို ရွေးချယ်ကြသကဲ့သို့ UNESCO က ကြေညာခဲ့သည့် အကြောင်းအရာအပေါ် အခြေခံ၍လည်း ကျင်းပကြပါသည်။ ဆရာများနေ့ ဦးတည်ဆောင်ရွက်သည့် အကြောင်းအရာအချို့ကို ဥပမာဖော်ပြရလျှင် **"ဆရာသည် အကျပ်အတည်း အခက်အခဲကြုံတွေ့နေချိန်တွင် ဦးဆောင်သူ၊ အနာဂတ်ကို ပြန်လည်စဉ်းစား ဖန်တီးသူ"** (Teachers: Leading in Crisis, Reimagining the Future)၊ **"ပညာရေးသမားများအား ခွန်အားမြှင့်တင်ပေးခြင်း- ခံနိုင်ရည်အားကောင်းစေခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲမှုကို တည်ဆောက်ခြင်း"** (Empowering Educators: Strengthening Resilience, Building Sustainability)၊ **"ကျွန်ုပ်တို့လိုချင်သော ပညာရေးအတွက် လိုအပ်သောဆရာများ"** (The Teachers We Need for the Education We Want) အစရှိသည်တို့ ဖြစ်ပါသည်။

**အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်**

ဆရာများသည် ပညာရေးကဏ္ဍ အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပြီး သင်ကြားရေးတွင်သာမက ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မိဘ၊ ရပ်ရွာ၊ လူ့အဖွဲ့အစည်းနှင့်ပါ ပူးပေါင်းဆောင်ရွက်ကြရပါသည်။ သို့ရာတွင် ဆရာများသည် မိမိတို့၏ သင်ကြားမှုနည်းပညာ၊ လုပ်ပိုင်ခွင့်၊ ဆရာအတတ်ပညာ ကျွမ်းကျင်မှုနှင့် ဆရာဘဝ မြင့်မားတိုးတက်ရေးတို့အတွက် အထောက်အပံ့ဖြစ်စေမည့် ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းများမရှိဘဲ လုပ်ကိုင်နေကြရပါသည်။ နိုင်ငံတကာ ပညာရေးစနစ်များစွာတွင် ဆရာများအား ခွဲခြားဆက်ဆံခြင်း၊ ခေတ်စနစ်နှင့် ပညာရေးဖွဲ့စည်းပုံ သဟဇာတမဖြစ်ခြင်း၊ လုပ်ဖော်ကိုင်ဖက် ဆရာများ၊ ဘာသာရပ်မှူးများ၊ အတန်းမှူးများ၊ ကျောင်းအုပ်ကြီး စသည်တို့အပြင် မိမိတို့နှင့်ဆက်စပ်လျက်ရှိသော ကျောင်းအုပ်စုများ၊ ဆရာများ၊ လမ်းညွှန်သူများ၊ ခေါင်းဆောင်များနှင့်ပါ ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်ရန် အကန့်အသတ်ရှိနေခြင်းသည် ပညာရေးအရည်အသွေးကိုသာမက ဆရာများ ရေရှည်တည်တံ့ခိုင်မြဲရေးကိုပါ အဟန့်အတားဖြစ်စေပါသည်။

ဤအချက်ကို မီးမောင်းထိုး၍ UNESCO မှ ယခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ပွဲများကို **"Recasting teaching as a collaborative profession"** (သင်ကြားရေးကို ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်အဖြစ် ပြန်လည်သတ်မှတ်ခြင်း) ဆိုသော ခေါင်းစဉ်ဖြင့် ကျင်းပရန် အဆိုပြုခဲ့ပါသည်။ ဆရာများ၊ ကျောင်းများနှင့် ပညာရေးစနစ်များအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၏ ပြောင်းလဲနိုင်စွမ်းကို အထူးဖော်ပြရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဆရာလုပ်ငန်းကို အပြန်အလှန်ထောက်ပံ့ကူညီမှု၊ အတွေ့အကြုံမျှဝေမှု၊ အခြေခံတာဝန်များကို တွဲဖက်ကျင့်သုံးမှုတို့ကို တန်ဖိုးထားသည့် မူဝါဒများ၊ အလေ့အကျင့်များနှင့် ပတ်ဝန်းကျင်များက ပံ့ပိုးထားသည့် ပူးပေါင်းဆောင်ရွက်မှု အခြေခံသည့် လုပ်ငန်းအဖြစ် ပြန်လည်သတ်မှတ်ခြင်းအားဖြင့် သင်ကြားမှု၊ သင်ယူမှုနှင့် ဆရာများ၏ လုပ်ငန်းကျေနပ်မှုကို တိုးမြှင့်ရန် အဓိက အခန်းကဏ္ဍတစ်ရပ်အဖြစ် အနာဂတ်တွင် ဆရာ့လုပ်ငန်းကို ပြန်လည်ပုံဖော်ရန် ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ အထိမ်းအမှတ်ပွဲကို Pan-African Conference on Teacher Education (PACTED) ၏ ခြုံငုံဆွေးနွေးပွဲအတွင်း အီသီယိုးပီးယားနိုင်ငံ အာဒစ္စအာဘာဘာမြို့၌ ကျင်းပမည်ဖြစ်ပါသည်။

အစီအစဉ်ကို ညွှန်ကြားမှုပြုသော အဖွဲ့ဝင်များဖြစ်သည့် UNESCO၊ UNICEF၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)နှင့် Education International တို့၏ အဆင့်မြင့် ကိုယ်စားလှယ်များ၏ မိန့်ခွန်းများဖြင့် စတင်မည်ဖြစ်ပြီး ထို့နောက်အာဖရိကသမဂ္ဂမှ ဦးဆောင်သည့် သာမန်ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပမည် ဖြစ်ပါသည်။

ထိုဆွေးနွေးပွဲတွင် "From isolation to collective strength: Reenvisioning the teaching profession through the lens of collaboration" (တစ်ဦးတည်းမှ စုပေါင်းအင်အားသို့ - ပူးပေါင်းဆောင်ရွက်မှု၏အမြင်မှ ဆရာလုပ်ငန်းကို ပြန်လည်သုံးသပ်ခြင်း) ခေါင်းစဉ်အပေါ် ဆွေးနွေးမည်ဖြစ်ပါသည်။

**ပညာရေးအကျိုးဆက်များကို ဆွေးနွေးမည်**

ပေါင်းစပ်ဆောင်ရွက်မှုသည် ဆရာများ၏ အသံ၊ အလုပ်အကိုင် အထူးသဖြင့် သက်ဆိုင်ရာ အသိအမှတ်ပြုမှု၊ ပညာရေးအကျိုးဆက်များကို မည်သို့တိုးတက်စေမည်ဆိုသည့်အချက်ကို စိစစ်ဆွေးနွေးမည်ဖြစ်ပြီး ပညာရေးဝန်ကြီးများ၊ ဒေသဆိုင်ရာခေါင်းဆောင်များနှင့် ဆရာကိုယ်စားလှယ်များမှ ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ဆွေးနွေးသည့်အခါ လက်တွေ့အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၊ အကြံပေးစီမံချက်များ၊ ပူးပေါင်းသင်ကြားမှုကဲ့သို့သော ဆန်းသစ်တီထွင်သည့် အစီအစဉ်များကို ထောက်လှမ်းဖော်ပြသွားမည် ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံပညာရေး အကောင်အထည်ဖော် ဆောင်ရွက်နေသူများအနေဖြင့်လည်း ကမ္ဘာ့ဆရာများနေ့ အခမ်းအနားအပြီး သင့်လျော်သော အချိန် သို့မဟုတ် နှစ်စဉ်ကျင်းပလေ့ရှိသော ပညာရေးညီလာခံတွင် ဆရာများ၏ သင်ကြားရေး အပြုသဘောဆောင်သော တိုးတက်ပြောင်းလဲမှုများ ရရှိလာစေမည့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ကွန်ရက်များ ပေါ်ထွက်လာစေရန် ခေါင်းစဉ်တစ်ရပ် ထည့်သွင်းဆွေးနွေးသင့်ပါကြောင်း အကြံပြုလိုပါသည်။

ဆရာများအနေဖြင့်လည်း မိမိတို့၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းသည် အလွန်ဂုဏ်သိက္ခာရှိသည့် အလုပ်အကိုင်တစ်ခုဖြစ်ကြောင်း လက်ခံယုံကြည်၍ ဆရာ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်ပြုမူပြောဆိုရန် လိုအပ်ပါသည်။ သက်ရှိလူသားများနှင့် ဆက်ဆံရသည့် လုပ်ငန်းဖြစ်သည့်အပြင် (၂၁) ရာစု ပညာခေတ်၏ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ရမည်ဖြစ်၍ လွယ်ကူသောအလုပ် မဟုတ်သည်မှာ သေချာပါသည်။ သို့ရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာ "နာ ၃ နာ"ကို ရင်ဝယ်ပိုက်လျက် ဆရာတစ်ဦးတွင် ရှိရမည့် ကိုယ်ရည်ကိုယ်သွေး၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် မိမိ၏ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစဉ်ကြိုးပမ်းနေသူ၊ လေ့လာသင်ယူနေသူတစ်ဦးဖြစ်ရန် အရေးကြီးပါသည်။

ကျွန်ုပ်တို့အနေဖြင့်လည်း ကျောင်းသားများ၏ အနာဂတ်ကို ပြင်ဆင်ပေးနေသည့် ဆရာတို့၏ ခက်ခဲသည့် အလုပ်ကို အသိအမှတ်ပြု၍ လေးစားပေးရန် လိုအပ်ပါသည်။

အနာဂတ်ကို စိုးမိုးကြမည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေရေး ဆရာများ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုအပ်ပါသည်။ ။

❖ **သက်ရှိလူသားများနှင့် ဆက်ဆံရသည့် လုပ်ငန်းဖြစ်သည့်အပြင် (၂၁)ရာစု ပညာခေတ်၏ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ရမည်ဖြစ်၍ လွယ်ကူသော အလုပ်မဟုတ်သည်မှာ သေချာပါသည်။ သို့ရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာ "နာ ၃ နာ"ကို ရင်ဝယ်ပိုက်လျက် ဆရာတစ်ဦးတွင် ရှိရမည့် ကိုယ်ရည်ကိုယ်သွေး၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစဉ်ကြိုးပမ်းနေသူ၊ လေ့လာသင်ယူနေသူတစ်ဦးဖြစ်ရန် အရေးကြီး**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၈၆
ရက်
သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

❖ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊

❖ ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲ ကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာမှု ကြည့်ရှုစစ်ဆေး

## အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးလူတစ်ဦး မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရေးနှိုးဆော်

**မော်လမြိုင် အောက်တိုဘာ ၂**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ်ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း ပထမအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြေနီကုန်းရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတို့မှ အခြေခံမဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာထားရှိမှု၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ဒေသခံပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုရာတွင် လွယ်ကူအဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးနေမှု၊ မဲစာရင်းလာရောက်ကြည့်ရှုရာတွင် မိမိအမည် မဲစာရင်းတွင်မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းတောင်းဆိုနိုင်ရေး၊ မဲစာရင်းတွင် မပါဝင်သင့်သူများ တွေ့ရှိပါက ပုံစံ(၄) ဖြင့် ကန့်ကွက်နိုင်ရေး၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-ဂ)ဖြင့် ပြင်ဆင်လွှာတင်သွင်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲရုံးများမှ လိုအပ်သောပုံစံများအား ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရေး တိုက်တွန်းနှိုးဆော်ပေးကြရန်၊ မဲစာရင်းလာရောက်ကြည့်ရှုသူများ အနှောင့်အယှက်ကင်းစွာဖြင့် စိတ်အေးချမ်းသာစွာကြည့်ရှုနိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးကြရန်၊ မဲစာရင်းဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ပြီးပါက ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးအကြိမ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများက လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ဆောင်ရွက်နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးလူတစ်ဦး မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရေး နှိုးဆော်ပေးကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းကြေညာထားမှု ကြည့်ရှုစစ်ဆေး

**လယ်ဝေး အောက်တိုဘာ ၂**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာကော်မရှင် အဖွဲ့ခွဲရုံးများ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာခြင်းကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၃၀ ရက်က နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် သစ်ပုတ်ပင်ကျေးရွာ၌ ပလွေးချောင်းရေ မြင့်တက်၍ ချောင်းကမ်းပါး တိုက်စားမှုများကို သဲအိတ်များဖြင့် ကာရံခြင်း၊ စက်ယန္တရားဖြင့် ရေလမ်းကြောင်း ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ရွာသစ်-အောင်မြင်ကုန်း ချောင်းကူးတံတား ချဉ်းကပ်လမ်း ရေတိုက်စားခြင်းကို ကျေးလက်လမ်း၊ မီးသတ်၊ ကျေးရွာသူ ကျေးရွာသားများက သဲအိတ်များဖြင့် ချောင်းကို ယာယီ ဖြတ်ကူးရန် ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ဝေးမြို့နယ်အတွင်း ရာသီဥတုကြောင့် ပျက်စီးသွားသော လယ်ဧကများ ပြန်လည်ကုစားအစားထိုးစိုက်ပျိုးရေး၊ ဆောင်းသီးနှံ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၃/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်



**နေပြည်တော် အောက်တိုဘာ ၂**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ (၃/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေက ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးသည် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့၌ တိုးတက်ကောင်းမွန်စေရေးအတွက် အခြေခံကျသောအခန်း ကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ထို့ကြောင့် ဗဟိုကော်မတီအနေဖြင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများတွင် နှောင့်နှေး ကြန့်ကြာမှုမရှိစေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ အစီအမံများ ရေးဆွဲခြင်း၊ လိုအပ်ချက်များကို ပြုပြင်ခြင်း၊ အောင်မြင်အောင်အကောင်အထည်ဖော်ခြင်းတို့ဖြင့် ကောင်းမွန်သည်ထက် ပိုမိုကောင်းမွန်အောင် ကိုယ်စွမ်းဉာဏ်စွမ်းထုတ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း။

ကုန်သွယ်ရေးလိုငွေပြမှု မဖြစ်ပေါ်စေရေးအတွက် ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များ ပူးပေါင်း၍ ပြည်ပဈေးကွက်ကို ပိုမိုရရှိအောင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်တွင်း/ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု အကျိုးစီးပွားပိုမိုဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေးကိစ္စရပ်များ၊ စက်သုံးဆီ/စားသုံးဆီ ဖြန့်ဖြူးမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးနှင့် CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် ရုရှားဘာသာစကားနှင့် အပူပေးစနစ်/ လေအေးပေးစနစ်သင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ကြည့်ရှုအားပေး

**ရန်ကုန် အောက်တိုဘာ ၂**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ARA Academy နှင့် Dual Tech Vocational Training Institute တို့ပူးပေါင်းစီစဉ်ဖွင့်လှစ်နေသည့် ရုရှားဘာသာစကားနှင့် အပူပေးစနစ်/ လေအေးပေးစနစ်သင်တန်းများကို ကြည့်ရှုအားပေးသည်။

**စဉ်ဆက်မပြတ်ဖွင့်လှစ်**

ဦးစွာ ဒုတိယဝန်ကြီးက အလုပ်သမား ဝန်ကြီးဌာနသည် နိုင်ငံအတွင်းလိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးနှင့် မြန်မာလုပ်သားထု၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)တွင် အလုပ်အကိုင်ရှာဖွေနေသူ လူငယ်လူရွယ်များ၊ ပြည်တွင်းရှိဝန်ထမ်းလုပ်သားများနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ရန် ပြင်ဆင်နေသူများအတွက် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များရရှိစေနိုင်ရေး စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျွမ်းကျင်မှုသင်တန်း (၂၃)ကြိမ်ကို သင်တန်းသား ၅၆၃ ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျွမ်းကျင်မှုသင်တန်း (၂၈)ကြိမ်ကို သင်တန်းသား ၆၅၀ အတွက် ဖွင့်လှစ်ပို့ချရန် လျာထားပြီး ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ သင်တန်း (၁၁)ကြိမ်ကို သင်တန်းသား ၂၆၁ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချသည့် စာတွေ့/ လက်တွေ့အသိပညာ၊ အတတ်ပညာများကို စနစ်တကျ မှတ်သားနာယူ၍ သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် ပြန်လည်အသုံးချ လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး ကြိုးပမ်းလုပ်ကိုင်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

❖ *ကျောဖုံးမှ*

၂။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာတွင် စပါးသီးနှံအပါအဝင် သီးနှံ (၂၃) မျိုးအား မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် ဂျုံသီးနှံတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၅ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေမှ စတင်၍ ဂျုံသီးနှံချေးငွေအား တစ်ဧကချေးငွေ ကျပ် ၁၅၀၀၀၀/-နှုန်း၊ တစ်နှစ်လျှင် အတိုးနှုန်း ၅% ဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ဂျုံသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ၊ ပြည်လည်းလှ



ပျော်ဘွယ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဦးထွန်းစိုးက ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် ပြဋ္ဌာန်းထားသည့် အခွန်ဆိုင်ရာဥပဒေများ၊ သတ်မှတ်ထားသည့် အခွန်စည်းကြပ်ငွေများ ပေးဆောင်ရန်နှင့် အခွန်ဆိုင်ရာဗဟုသုတများ ရှင်းလင်းဆွေးနွေးစဉ်။

မြို့နယ်(ပြန်/ဆက်)

❂ *ကျောဖုံးမှ*

နိုင်ပွဲရသည်အထိ ထိန်းထားနိုင်ခြင်း မရှိခဲ့ပေ။ ချေပဂိုးရရှိရေး ကြိုးပမ်းအားထုတ်လာသော ပီအက်စ်ဂျီအသင်းသည် ပွဲကစားချိန် ၃၈ မိနစ်တွင် ရရှိခဲ့ပြီး မာယူလူက သွင်းယူပေးခဲ့သည်။

ဘာစီလိုနာအသင်းထက် ပီအက်စ်ဂျီအသင်းက သာလွန်သည့် ကစားဟန်ဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုအသာနှင့်အတူ ဂိုးရရှိနိုင်သည့်အခွင့်အရေး ပိုမိုဖန်တီးနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲကစားချိန်ပြည့်ခါနီးတွင် လူစားဝင်တိုက်စစ်ကစားသမား ရာမို့စ်က သွင်းယူပေးခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် ယခုအနိုင်ပွဲကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ရလဒ်ရရှိထားသည်။ ပြိုင်ဘက်ဘာစီလိုနာအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးရလဒ် ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က အိုလံပီယာကော့စ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဒေါ့မွန်က ဘီလ်ဘာအိုကို လေးဂိုး-တစ်ဂိုး၊ နာပိုလီက စပို့တင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး လေဗာကူဆင်နှင့် ပီအက်စ်ဗွီအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ထို့အပြင် မိုနာကိုနှင့် မန်စီးတီးအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို ဗီလာရီးရဲနှင့် ဂျူဗင်တပ်စ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာ ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို လိုက်လံနှုတ်ဆက်ကြကာ(**အပေါ်ပုံ**) ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံ ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သဘင်ဆောင်၌ကျင်းပရာ ဦးစွာ ရန်ကုန်တိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတွင် ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**





အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ရောက်ရှိလာရာ ဒေသခံပြည်သူများ ကြိုဆိုအားပေးကြစဉ်။

အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ မော်တော်ယာဉ်များဖြင့် ကျောက်မဲမြို့သို့ရောက်ရှိလာစဉ်။

◆ *ကျော့ဖုံးမှ*

ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူ အချို့မှာလည်း ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ကျောက်မဲမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီ နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင် စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ၎င်းတို့၏မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာနအဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူလူထုအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့်အတူ မော်တော်ယာဉ်များဖြင့် ယနေ့တွင် ကျောက်မဲမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသား ပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည် လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကျောက်မဲမြို့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော် စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အိမ်ပြင်ပသို့ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အကြမ်းဖက်သမားတွေအတွက် ပြေးစရာမြေက နည်းလာနေပြီ

စွမ်းပြည့်

အေးချမ်းတဲ့နေရာ အေးချမ်းတယ်၊ မငြိမ်းချမ်းတဲ့နေရာ ငြိမ်းချမ်းအောင် ဆက်လက်ဆောင်ရွက်နေတယ်။ တိုက်ပွဲဖြစ်ပြီး၊ သေနတ်သံစဲပြီး တပ်မတော်အရိပ်အောက် ပြန်ရောက်လာတဲ့နေရာအားလုံး ငြိမ်းချမ်းရေးရောင်ခြည်က သန်းလာနေပြီ။

မူလကတည်းက တိုက်ပွဲမရှိ၊ အစဉ်ငြိမ်းချမ်းနေတဲ့နေရာတွေ၊ အကြမ်းဖက်မရှိတဲ့နေရာ၊ တိုင်းရင်းသားအမည်ခံ EAO တွေ ဝင်မလာတဲ့နေရာအားလုံးနဲ့ ယှဉ်ကြည့်ရင် အစကတည်းက ငြိမ်းချမ်းနေတာ။ သေနတ်သံမကြားရ၊ ကျောင်းပိတ်တာမရှိ၊ စစ်ရှောင်မရှိ၊ အလင်းထဲမှာ အေးချမ်းစွာနဲ့ သာသာယာယာပါ။ ဆန့်ကျင်ဘက်ကြည့်ရင် အကြမ်းဖက်ရှိတဲ့နေရာ၊ တိုင်းရင်းသားအမည်ခံ EAO တွေ ကျူးကျော်တိုက်ခိုက်တဲ့နေရာအားလုံး၊ မူလအေးချမ်းခဲ့တဲ့ဒေသတွေ၊ မြို့တွေ၊ ရွာတွေ မအေးချမ်းတာ၊ မတည်ငြိမ်တာကြာခဲ့ပါပြီ။

**မငြိမ်းချမ်းခြင်းရဲ့ တရားခံအစစ်က ဘယ်သူလဲ၊ ပညာရှိဆိုရင် မြင်ပါတယ်**

စစ်မြေပြင်ဖြစ်ရ၊ စစ်ရှောင်ဘဝနဲ့ ဒုက္ခရောက်ရ၊ ပြေးကြလွှားကြ၊ ကျောင်းမတက်ရ၊ စီးပွားရှာမရ၊ ထိခိုက်ခန္ဓာ စွန့်ကြရ...။ သူပုန်သိမ်းပြီးတဲ့ မြို့တွေ၊ ရွာတွေက ဆင်းရဲဒုက္ခတွေကို အသိမ်းခံရတဲ့ဒေသခံတွေက ပိုသိကြတယ်။ သူတို့ပိုင် အိမ်ရာတွေ၊ ဈေးဆိုင်တွေ၊ စည်းစိမ်ဥစ္စာတွေ ဘယ်လိုဖြစ်သွားသလဲ၊ လမ်းတွေပိတ်၊ အဆက်အသွယ်မရ၊ ဖုန်းလိုင်းမရ၊ ဆေးကုမရ၊ ဆေးမရှိ၊ ဆရာဝန်သူနာပြုမရှိ၊ ကွာခြားချက်ကို မြင်အောင်ကြည့်ပါ။ ဒုက္ခတောထဲက ဒုက္ခသည်တိုင်းရင်းသားတွေကို ကယ်တင်နေရတဲ့ တပ်မတော်နဲ့ အကြမ်းဖက်အစွန်းရောက်သူပုန်၊ ငြိမ်းချမ်းရေးလိုလားသူနဲ့ မလိုလားသူ၊ ပညာရှိနဲ့ ပညာမဲ့၊ အပြုနဲ့အဖျက်ကွာခြားချက် မြင်အောင်ကြည့်ရင် မြန်မာနိုင်ငံမှာ မငြိမ်းချမ်းခြင်းရဲ့ တကယ့်တရားခံအစစ်က ဘယ်သူလဲ၊ ပညာရှိဆိုရင် မြင်ပါတယ်။

အကြမ်းဖက်လက်နက်ကိုင်တွေဟာ စစ်ရေးပစ်မှတ်မဟုတ်တဲ့ တက္ကသိုလ်တွေ၊ စာသင်ကျောင်းတွေကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြတယ်။ ကျောင်းတွေမှာ တပ်စွဲ၊ ဆရာ ဆရာမတွေကို ဖမ်းဆီးခဲ့ကြတယ်။ သာသနိကအဆောက်အဦးတွေမှာ တပ်စွဲ၊ အခိုင်အမာ ခံစစ်ဆင်၊ စေတီဌာပနာတိုက်တွေဖောက်ထွင်း၊ အဖိုးတန်ဌာပနာပစ္စည်းတွေကို ယူဆောင်၊ဗုဒ္ဓသာသနာတော်ကိုစော်ကားဖျက်ဆီးခဲ့ကြတယ်။ ဒေသခံတွေရဲ့နေအိမ်၊ စားသောက်ဆိုင်တွေဖောက်ထွင်း၊ တန်ဖိုးကြီးပစ္စည်းမှန်သမျှ အဓမ္မယူဆောင်၊ ဒီလုပ်ရပ်တွေအားလုံး သူပုန်သောင်းကျန်းသူမိစ္ဆာများရဲ့ လုပ်နည်းလုပ်ဟန်ပါပဲ။

**တပ်မတော် တပ်ရင်းတပ်ဖွဲ့တွေက ပြန်လည်သိမ်းပိုက်**

ယခုလက်ရှိ စစ်ရေးအနေအထားအရ လက်နက်ကိုင်သောင်းကျန်းသူတွေဟာ ယခင် သူတို့ခဏတာသိမ်းပိုက်နိုင်ခဲ့တဲ့နေရာတွေကနေ ပြန်လည်ဆုတ်ခွာနေရပါပြီ။ နေ့ညမပြတ် လုံခြုံရေးအစီအစဉ်တွေအောက်မှာ တပ်မတော်က ဖိဖိစီးစီးဆောင်ရွက်နေတဲ့အတွက် ရလဒ်ကောင်းတွေရလာပြီး တပ်မတော်နဲ့ ပြည်သူအောင်ပွဲဟာ တဖြည်းဖြည်း ပေါ်လွင်ထင်ရှားလာတယ်။ အထူးသဖြင့် အကြမ်းဖက်သမားတွေ ယာယီသိမ်းပိုက်ထားတဲ့ မြို့၊ ရွာ၊ တပ်စခန်းတွေကို တပ်မတော် တပ်ရင်းတပ်ဖွဲ့တွေက ပြန်လည်သိမ်းပိုက်နေရာမှာ ၂၀၂၅ ခုနှစ်အတွင်းမှာ ကောလင်း၊ ဆီဆိုင်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ဒီးမော့ဆို၊ ဖရူဆို၊ သပိတ်ကျင်း၊ ဗန်းမော်၊ ကျောက်မဲမြို့တွေကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့တာ အထင်အရှားပါ။

ဒီလိုပဲ ဩဂုတ်လအတွင်းမှာ အကြမ်းဖက်သမားတွေ အခိုင်အမာ စုဖွဲ့ထိန်းချုပ်ထားတဲ့ ဖယောင်းတောင် သတ္တုတွင်းနဲ့ အယ်လ်ဖာဘိလပ်မြေစက်ရုံတွေကိုလည်း အောင်မြင်စွာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့တာ တွေ့ရတယ်။ နိုင်ငံအရှေ့မြောက်ပိုင်းမှာ လားရှိုး၊ နောင်ချို၊ ကျောက်မဲမြို့တွေကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေဘက် ကြည့်ရင်လည်း ကော့ကရိတ်၊ မြဝတီ၊ ကျုံဒိုးမြို့တွေမှာ ဆက်လက်အောင်မြေနင်း၊ အာရှလမ်းသစ်၊ လမ်းဟောင်းပြန်ပွင့်အောင်လုပ်၊ ကွင်းကလေး၊ ထီးမူထ၊ သဃ်န်းညီနောင်၊ လက်ခတ်တောင်၊ လေးကေ့ကော်၊ စွယ်တော်၊ မယ်ဝါခီးတို့မှာ နိုင်ငံတော်အလံစိုက်၊ အစွမ်းကုန်သောင်းကျန်းခဲ့တဲ့ အကြမ်းဖက်အစွယ်အပွားတွေရဲ့ သမိုင်းရိုင်းအောင် လုပ်နိုင်ခဲ့ပြီဖြစ်တယ်။ တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီး ဒေသအားလုံးဟာ တပ်မတော်နဲ့ ပြည်သူအတွက် နိုင်ငံတည်ဆောက်ရေးမှာ မဟာဗျူဟာကျတဲ့နေရာတွေပဲ ဖြစ်ပါတယ်။

> **"တိုင်းရင်းသားဒေသတွေမှာ နေထိုင်သူလူမျိုးတွေဆိုတာ အားလုံးက ဒွေးရောယှက်တင် ရောပြွမ်းနေထိုင်ကြတာဖြစ်တယ်။ ဒီအချက်ကို ဆင်ခြင်သုံးသပ်နိုင်စွမ်း ရှိရပါမယ်၊ ကိုယ်ထောက်ခံတဲ့အဖွဲ့ရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်တွေက မှားသလားမှန်သလား၊ တော်လှန်ရေးလား၊ ဖျက်ဆီးရေးလား။ သူတို့ဆိုတာက ငါတို့ဘဝတွေကို ချနင်းနေသူတွေ၊ ဖျက်ဆီးနေသူတွေ၊ စစ်အာဏာရှင်ခေါင်းစဉ်တပ်ထားတဲ့ တောတွင်းအာဏာရှင် စစ်ဘုရင်ဆိုးတွေသာဖြစ်တယ်၊ ဆယ်စုနှစ်ချီလက်နက်ကိုင် နိုင်ငံကိုဖျက်ဆီးနေသူတွေ၊ ဘာသာတရားကိုဖျက်၊ ယဉ်ကျေးမှုဖျက် မိစ္ဆာဝါဒီတွေသာ ဖြစ်တယ်။ ဖက်ဒရယ်ခေါင်းစဉ်တပ်၊ ကိုယ်တိုင် နယ်ရှင်အလား စစ်အာဏာရှင်ထူထောင်၊ ထွက်သမျှသယံဇာတ မတရားတူးဖော်၊ နယ်စပ်မှာအရောင်းအဝယ်လုပ်၊ မူးယစ်၊ လက်နက်၊ လူမှောင်ခိုအကုန် လုပ်တဲ့ အဆင့်မရှိ မယဉ်ကျေးတဲ့ သောင်းကျန်းသူအဆင့်သာ ဖြစ်တယ် ဆိုတာ နားလည်ဖို့လိုပါတယ်"**

**တပ်မတော်က ဆက်သွယ်ရေးလမ်းမကြီးတွေ၊ လမ်းကြောင်းတွေပြန်ပွင့်အောင် ဆောင်ရွက်နိုင်ခဲ့**

အကြမ်းဖက်အဖွဲ့တွေ ယာယီသိမ်းပိုက်ထားတဲ့မြို့တွေကို တပ်မတော်က အပြီးတိုင်ထိန်းချုပ်ပြီး ပိတ်ဆို့ဟန့်တားခံရတဲ့ ဆက်သွယ်ရေးလမ်းမကြီးတွေ၊ လမ်းကြောင်းတွေ ပြန်ပွင့်အောင် ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီလိုတိုးတက်မှုတွေအပေါ် စစ်ဒဏ်ခံတိုင်းရင်းသားတွေ၊ ပြည်သူတွေက အလွန်ကို နှစ်ထောင်းအားရဝမ်းသာဖြစ်ကြတယ်။ စိတ်အေးချမ်းသာဖြစ်ကြရတယ်။ ကိုယ့်ဒေသ ကိုယ့်နေအိမ် ပြန်နေထိုင်ရတော့မယ့်အရေး မပျော်သူရှိပါ့မလား။ မြို့ရွာတွေ၊ လမ်းကြောင်းတွေ ပြန်ပွင့်တာနဲ့ အကြမ်းဖက်တွေမြှုပ်ထားတဲ့ မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေးက တပ်မတော်ရဲ့ ဦးစားပေးအလုပ်တစ်ခု ဖြစ်လာတယ်။ ဒေသခံတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုသည် ဦးစားပေးဖြစ်တယ်။ ပညာရေးအဆက်မပြတ်အောင် ကျောင်းတွေ အမြန်ပြန်ဖွင့်နိုင်အောင် ဆောင်ရွက်ပေးတယ်။

**အကြမ်းဖက်လက်နက်ကိုင်တွေ စိတ်ပိုင်း၊ ရုပ်ပိုင်း အားနည်းချည့်နဲ့လာ**

အစိုးရယန္တရား ချက်ချင်းပြန်လည် လည်ပတ်နိုင်အောင် စီမံဆောင်ရွက်ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကြမ်းဖက်တွေ ကြီးစိုးခဲ့တဲ့နေရာဒေသက ပြည်သူတွေခမျာ အကြမ်းဖက်လုပ်ရပ် ဇာတ်ရုပ်နဲ့တကွ စစ်ရဲ့ဆိုးကျိုးတွေကို လုံးဝနားလည် သဘောပေါက်သွားကြပါပြီ။ စစ်က ဘယ်လောက် ခါးသီးဖို့ကောင်းပါသလဲ၊ နောက်ဆို စစ်ကို ဘယ်တော့မှမကြားချင်၊ မတွေ့ချင်လောက်အောင်ပင် ဖြစ်သွားကြပါပြီ။ ရခဲ့တဲ့သင်ခန်းစာထဲကနေ အမြတ်ထုတ်နိုင်ခဲ့တဲ့ တပ်မတော်နဲ့ ပြည်သူအတွက်တော့ အနာဂတ် အလားအလာကောင်းတွေကို ပြန်လည်မြင်တွေ့နေရပြီဖြစ်သလို အကြမ်းဖက်လက်နက်ကိုင်တွေဘက်မှာတော့ စိတ်ပိုင်း၊ ရုပ်ပိုင်း အားနည်းချည့်နဲ့လာတဲ့လက္ခဏာများစွာ စတင်တွေ့မြင်လာနေရပြီလည်း ဖြစ်ပါတယ်။

အဓိကက အကြမ်းဖက်လက်နက်ကိုင်တွေကြောင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးမှာ နှောင့်နှေးရတဲ့အတွက် ပြည်သူလူထုရဲ့ နေ့စဉ်လူမှုဘဝတွေမှာ အလျင်အမြန် ဖြေရှင်းရမယ့်ကိစ္စရပ်တွေ ရှိနေတယ်ဆိုတာပဲ။ တစ်ဖက်ကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ ပြည်သူရွေးချယ်တဲ့ သန့်ရှင်းတဲ့အစိုးရတစ်ရပ်ပေါ်ထွက်လာရေး၊ ဒါတွေအားလုံးက တစ်မျိုးသားလုံးအတွက် အမျိုးသားအကျိုးစီးပွားတွေ ဖြစ်နေတယ်။ ဒါတွေကို အောင်မြင်အောင် ဆောင်ရွက်နေရသလို တစ်ဖက်မှာလည်း နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်နေရပါတယ်။

**တိုင်းရင်းသားအမည်ခံ EAO တွေဟာ တိုင်းရင်းသားအမည်ခံသက်သက်ပဲဖြစ်**

ပြည်သူတွေ၊ တိုင်းရင်းသားတွေဘက်ကလည်း ပညာဉာဏ်နဲ့ မြင်တတ်ရပါမယ်၊ တချို့ လက်နက်ကိုင်တွေက တိုင်းရင်းသားအမည်ခံထားပေမယ့် တိုင်းရင်းသားအားလုံးက သူတို့ကို အလုံးစုံထောက်ခံနေတာ မဟုတ်ပါ။ မထောက်ခံဘူးဆိုတဲ့အချက်က သမိုင်းတစ်လျှောက်ပြန်ကြည့်ရင် မူလကတည်းက သမိုင်းအစဉ်အဆက် မထောက်ခံခဲ့ကြတာ ဖြစ်တယ်။ ဒါကြောင့် ယနေ့တိုင်းရင်းသားအမည်ခံ EAO တွေဟာ တိုင်းရင်းသားအမည်ခံသက်သက်ပဲဖြစ်ပြီး ထိုဒေသက တိုင်းရင်းသားဒေသခံအားလုံးကို ကိုယ်စားပြုမနေပါဘူး။

ဒါ့ပြင် တိုင်းရင်းသားဒေသတွေမှာ နေထိုင်သူလူမျိုးတွေဆိုတာ အားလုံးက ဒွေးရောယှက်တင် ရောပြွမ်းနေထိုင်ကြတာဖြစ်တယ်။ ဒီအချက်ကို ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိရပါမယ်၊ ကိုယ်ထောက်ခံတဲ့အဖွဲ့ရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်တွေက မှားသလားမှန်သလား၊ တော်လှန်ရေးလား၊ ဖျက်ဆီးရေးလား။ သူတို့ဆိုတာက ငါတို့ဘဝတွေကို ချနင်းနေသူတွေ၊ ဖျက်ဆီးနေသူတွေ၊ စစ်အာဏာရှင်ခေါင်းစဉ်တပ်ထားတဲ့ တောတွင်းအာဏာရှင် စစ်ဘုရင်ဆိုးတွေသာဖြစ်တယ်၊ ဆယ်စုနှစ်ချီလက်နက်ကိုင် နိုင်ငံကိုဖျက်ဆီးနေသူတွေ၊ ဘာသာတရားကိုဖျက်၊ ယဉ်ကျေးမှုဖျက် မိစ္ဆာဝါဒီတွေသာ ဖြစ်တယ်။ ဖက်ဒရယ်ခေါင်းစဉ်တပ်၊ ကိုယ်တိုင် နယ်ရှင်အလား စစ်အာဏာရှင်ထူထောင်၊ ထွက်သမျှသယံဇာတ မတရားတူးဖော်၊ နယ်စပ်မှာအရောင်းအဝယ်လုပ်၊ မူးယစ်၊ လက်နက်၊ လူမှောင်ခိုအကုန်လုပ်တဲ့ အဆင့်မရှိ မယဉ်ကျေးတဲ့ သောင်းကျန်းသူအဆင့်သာ ဖြစ်တယ်ဆိုတာ နားလည်ဖို့ လိုပါတယ်။

ဆိုလိုချင်တာက အတိတ်တွေက ပြီးခဲ့ပါပြီ။ ယခုပစ္စုပ္ပန်မှာ ကိုယ်လုပ်နေတာတွေက ဘာအတွက်လဲ။ အသုံးလား၊ အဖြုန်းလား၊ နှမြောစရာကောင်းတဲ့ အလေအလွင့်တွေ၊ အသက်တွေ၊ ငွေတွေ၊ ပစ္စည်းဥစ္စာတွေ၊ စိတ်ဓာတ်တွေ အများကြီးရှိခဲ့ပါပြီ။ သေချာတာက ဆက်ရှိဦးမယ့်အနာဂတ်မှာ နိုင်ငံတကာနဲ့ တန်းတူဖြစ်ပါဦးမလား။ အနာဂတ်လမ်းကြောင်းမှာရှိနေတဲ့ ကိုယ့်သား၊ ကိုယ့်သမီးမျိုးဆက်တွေအတွက် မစဉ်းစားတော့ဘူးလား၊ ကိုယ်နေတဲ့ဒေသက ကိုယ့်တိုင်းရင်းသားဒေသခံတွေ၊ ကိုယ့်ဆွေမျိုးသားချင်းတွေအတွက်ကော နည်းနည်းလေးမှ မတွေးတော့ဘူးလား၊ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ဖို့ ခံယူချက်မရှိတော့ဘူးလား၊ မိမိဒေသအတွက်၊ နိုင်ငံအတွက် ဘာလုပ်ဖို့စဉ်းစားခဲ့ကြဖူးပါသလဲ၊ ကျောင်းတစ်ကျောင်းမဆောက်၊ လမ်းတံတားတစ်ခု မခင်းခဲ့ကြဖူးပါ။

နိုင်ငံတော်အစိုးရက ဖောက်ပေးဆောက်ပေးတဲ့ လမ်း၊ တံတား၊ ကျောင်းတွေသာ တောက်လျှောက်ဖျက်ဆီးနေတာ။ ဖျက်ဆီးမှုက ကမ်းကုန်၊ စိတ်ဓာတ်တွေကို ဖျက်ဆီးတယ်။ သူတို့ လုပ်တတ်တာတစ်ခုက မူးယစ်ဆေးဝါး၊ ကာရာအိုကေ၊ ပြည့်တန်ဆာလုပ်ငန်း၊ ဇိမ်ခန်း၊ လောင်းကစားမျိုးစုံ ဒီထက်မပိုပါဘူး။ ဒီတိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်လုပ်နေသူတွေက ဒီလို ဒုစရိုက်လုပ်ငန်းတွေမှာ ကောင်းကောင်းကျွမ်းကျင်ကြတယ်။

**ဒီမိုကရေစီဗန်းပြ တော်လှန်ရေးအမည်တပ်တဲ့ ပြည်မက လက်နက်ကိုင်တွေဆိုလည်း အတူတူပဲ**

ဒီမိုကရေစီဗန်းပြ တော်လှန်ရေးအမည်တပ်တဲ့ ပြည်မက လက်နက်ကိုင်တွေဆိုလည်း အတူတူပဲ။ တိုင်းရင်းသားအမည်ခံ ကိုယ့်လောက်ပညာမတတ်တဲ့ လက်နက်ကိုင်တွေအောက် တပည့်ခံ၊ သူတို့ခိုင်းတာလုပ်၊ ပေးစာကမ်းစာစား၊ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေမှာ ဝင်ပြီးတပ်စွဲ၊ ပြည်သူပိုင်အိမ်တွေမှာ ဝင်ခို၊ တပ်မတော်စစ်ကြောင်းလာရင် လူတံတိုင်းကာ၊ ပြည်သူကိုသေအောင်လုပ်၊ ပြည်သူ့အိုးပိုင်အိမ်ပိုင်တွေ ပျက်စီးတဲ့အခါ တပ်မတော်ကြောင့်ဆိုပြီး တမင်အကွက်ဆင်။ ဘုရားတွေပျက်စီးရ၊ သံဃာအသုံးအဆောင်တွေ ဖျက်ဆီးခံရ၊ စာသင်ကျောင်းတွေ အဖျက်ခံရတဲ့အထိ မိုက်မဲလွန်းလှပါတယ်။ ကိုယ်နဲ့အမြင်မတူသူကို ဒလန်ခေါင်းစဉ်တပ်၊ လူသတ်၊ ဆရာ သံဃာမချန်ပါ။ သူများသားမယားစော်ကား၊ ဆက်ကြေးကောက်၊ နောက်ဆုံး ဓားပြတိုက် လူရမ်းကားလူမိုက်

စာမျက်နှာ ၁၁ သို့

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ပြီး မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။(ယာပုံ)

ညပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မဟာအောင်မြေမြို့နယ်ရှိ Yadanarbon Hall မြနန်းဘုံစံခန်းမ၌ မြန်မာနိုင်ငံဆေးပညာရှင်အသင်း (Internal Medicine Society)က ကြီးမှူးကျင်းပသည့် ဆေးတက္ကသိုလ်များမှ ဂုဏ်ထူးဖြင့်အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆေးတက္ကသိုလ်နောက်ဆုံးနှစ်အပိုင်း (ခ) M.B.B.S စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြေဆိုသူဦးရေ ၁၂၉၄ ဦးရှိပြီး ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၃ ဦး ပေါ်ထွက်သဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ကြိုးစားအားထုတ်ခဲ့ကြသည့် ဆေးပညာရှင်များအနေဖြင့် သမားဂုဏ်၊ သမားကျင့်ဝတ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများကို အလုပ်အကျွေးပြုသူများဖြစ်အောင် ဆက်လက်ကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆေးပညာရှင်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးအေးချစ်က မြန်မာနိုင်ငံဆေးပညာရှင်အသင်း၏ လုပ်ဆောင်နေမှုများနှင့် စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကာ ဆေးတက္ကသိုလ်(မန္တလေး) ဆေးပညာဌာနမှတ်တမ်း ဗီဒီယိုကို ပြသသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆေးပညာရှင်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူ ၃၃ ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးပင်စင်ရရှိသူများ၊ MCCT နှင့် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် မသန်စွမ်းသူများကို ထောက်ပံ့ငွေများပေးအပ်

**လွိုင်ကော် အောက်တိုဘာ ၂**

ကယားပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးပင်စင်ရရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးငယ်များ (MCCT)၊ ထိခိုက်လွယ် အုပ်စုဝင်များဖြစ်သည့် မသန်စွမ်းသူများသို့ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ တာဝန်ရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ထိခိုက်လွယ်အုပ်စုဝင်များ တက်ရောက်ကြသည်။(ဝဲပုံ)



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးငယ်များ (MCCT)၊ ဗဟိုတပ်ဦး (ပညာဝေဖြာ) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် မသန်စွမ်းသူများနှင့် ပြည်နယ်ဘိုးဘွားရိပ်သာတို့သို့ ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများနှင့် မဟာပုညကာရီ (လင်းရောင်ခြည်) အမျိုးသမီးဂေဟာ၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွားများ ပြည်နယ်လူမှုရေးပင်စင်နှင့် မဟာဓမ္မဝိဟာရီ (တက်သစ်စ) အမျိုးသမီးဂေဟာတို့ကို ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးပင်စင်ရရှိကြသည့် ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

**ခားပြသူခိုးသာသာဘဝရောက် ဒီလိုနဲ့ သေမထူး၊ နေမထူးဘဝတွေ ရောက်ကြရတော့မှာ။ သူတို့လုပ်ခဲ့ကြတာတွေအတွက် ပြည်သူပေးတဲ့အပြစ်ဒဏ်ခံယူကြရတော့မယ့်အချိန်မှာ နှောင်းနောင်တဆိုတာ အချိန်မီပြင်နိုင်ရင် အချိန်မီပါတယ်၊ အမြင်မှန်ရဖို့လိုတဲ့အကြောင်းသာ ပြောပါရစေ။**

ဘာပဲပြောပြော လက်တွေ့မှာ ၂၀၂၁ ခုနှစ်ကနေ ယခုကာလအထိ အဖျက်အဆီးနဲ့ အပျက်အစီးတွေ များခဲ့ပါပြီ။ နိုင်ငံနဲ့ပြည်သူအတွက် ရွေးကောက်ပွဲလည်း လုပ်ကြတော့မယ်။ အချိုးအကွေ့တစ်ခုမှာ အခွင့်အလမ်းကောင်းများကို မြင်နေရပါပြီ။ အဓိကက အားရှိဖို့ပဲလိုတော့တယ်။ အားဆိုတာက ပြည်သူ့အား၊ ညီညွတ်မှုအား၊ တစ်စုတစ်စည်းမရှိတဲ့အားတွေကို စုစည်းပေးနိုင်မယ့် တပ်မတော်ကြီးရဲ့အား၊ ဒီအားတွေရှိဖို့ပဲ လိုပါတော့တယ်။ ဒီအားတွေနဲ့သာ ငြိမ်းချမ်းအောင်၊ အချုပ်အခြာတည်မြဲအောင် လုပ်လို့ရပါမယ်။ အလျင်အမြန် တိုးတက်အောင် လုပ်ရမယ့် အခြေအနေမှာ ပြည်တွင်းစုစည်းမှုအားမရှိအောင်၊ ငြိမ်းချမ်းရေးမရအောင်၊ အချုပ်အခြာပျက်ပြားအောင် ဆက်ပြီးဖျက်ဆီးနေကြမယ်ဆိုရင်တော့ လိုရာပန်းတိုင် ရောက်နိုင်မှာမဟုတ်ပါ။

**❑ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား ညမနား ပြင်းပြင်းထန်ထန် ဆောင်ရွက်နေပါတယ်။ ငြိမ်းချမ်းရေးကိုလည်း မရ ရအောင် ကြိုးစားနေတယ်။ ပြည်သူတစ်ရပ်လုံး လိုလားတာကလည်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးဆိုတော့ ပြည်သူ့ဆန္ဒကိုလည်း မျက်ကွယ်ပြုလို့မရ။ ဆိုလိုတာက နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ အမျိုးသားအကျိုးစီးပွားရှေးရှုပြီး လက်နက်နဲ့ငြိမ်းချမ်းရေးကို အလဲအလှယ် လုပ်တတ်ရပါမယ်။ အဆုံးသတ်မှာ တပ်မတော်နဲ့ပြည်သူ ပူးပေါင်းဖိအားကြောင့် အကြမ်းဖက်သမားတွေအတွက် ပြေးစရာမြေက နည်းလာကြောင်း ထင်ရှားလာတယ်။**

နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား ညမနား ပြင်းပြင်းထန်ထန် ဆောင်ရွက်နေပါတယ်။ ငြိမ်းချမ်းရေးကိုလည်း မရ ရအောင် ကြိုးစားနေတယ်။ ပြည်သူတစ်ရပ်လုံး လိုလားတာကလည်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးဆိုတော့ ပြည်သူ့ဆန္ဒကိုလည်း မျက်ကွယ်ပြုလို့မရ။ ဆိုလိုတာက နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ အမျိုးသားအကျိုးစီးပွားရှေးရှုပြီး လက်နက်နဲ့ ငြိမ်းချမ်းရေးကို အလဲအလှယ် လုပ်တတ်ရပါမယ်။ အဆုံးသတ်မှာ တပ်မတော်နဲ့ ပြည်သူပူးပေါင်းဖိအားကြောင့် အကြမ်းဖက်သမားတွေအတွက် ပြေးစရာမြေက နည်းလာကြောင်း ထင်ရှားလာတယ်။

ယခုနောက်ပိုင်း အလင်းဝင်သူ၊ လူလက်နက် အဖမ်းခံရသူအရေအတွက် များသထက်များလာနေတယ်။ ဒုက္ခိတလမ်းစဉ်အောက်လျှောက်နေတဲ့ လက်နက်ကိုင် အကြမ်းဖက်သမားတွေအားလုံး လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်ရမယ့်အနေအထားတစ်ခုဆီ ရောက်လာသင့်နေပြီလို့လည်း ယူဆတယ်။

ဒီလိုမှမဟုတ်ရင် အစွန်းရောက်တွေအတွက် အနာဂတ်ပျောက်၊ ဇာတ်သိမ်းကောင်းမှာ မဟုတ်ပါဘူး။ အကြမ်းဖက်အားလုံးက ကိုယ့်အကျိုးစီးပွားနဲ့ ကိုယ် တိုက်ခိုက်နေကြတာသာဖြစ်တဲ့အတွက် မနိုင်တဲ့စစ်ပွဲမှာ နိုင်ငံရဲ့အရင်းအမြစ်အားလုံးကို ဖျက်ဆီးနေတဲ့ အကြမ်းဖက်တွေဘက်က အောင်နိုင်ခြေဘယ်လောက်ရှိမှာလဲ၊ မရှိသလောက်ပါပဲ။ ကိုယ့်လုပ်ရပ်က အရှုံးအမြတ်တန်ရဲ့လား၊ ပြန်စဉ်းစားပြီး တွက်ကိန်းမမှားဖို့သာ တောင်းဆိုပါရစေ။

**ငြိမ်းချမ်းရေးအတွက် အစွမ်းအစရှိရှိ၊ အမြော်အမြင်ရှိရှိနဲ့ ပကတိအရှိတရားတွေဘက်မှာ မှန်မှန်ကန်ကန် ရပ်တည်ကြစေချင်ပါတယ်။ ဒီအချက်က ပြည်သူအားလုံးရဲ့ ဆန္ဒအမှန်ပါပဲ။**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရွှေညောင်မြို့နှင့် ညောင်ရွှေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး အောက်တိုဘာ ၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့မှ ညောင်ရွှေမြို့သွားလမ်းဆုံတွင် မြေယာရှုခင်းများ၊ မော်တော်ဆိုင်ကယ်ယာဉ်များထားရှိရန် ပါကင်ဆောင်ရွက်မည့်နေရာ၊ မော်တော်ယာဉ်၊ သုံးဘီးယာဉ်ပါကင်ထားရှိမည့်နေရာနှင့် ညဈေးတန်းဆောင်ရွက်မည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ရွှေညောင်-ညောင်ရွှေလမ်းပိုင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများကို ကဏ္ဍအလိုက်၊ အပိုင်းလိုက် စနစ်တကျ တာဝန်ယူဆောင်ရွက်ပေးကြရန် မှာကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် ကျော့မောင်ငယ်ရွာတွင် တောင်သူဒေါ်ပြုံးကြည် စိုက်ပျိုးထားသည့် ရွှေရင်အေး စပါးစိုက်ခင်းနှင့် နဒီကန်အတွင်း သဲနုန်းတူးဖော်နေမှုကိုကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားသည်။

ထို့နောက်အေးသာယာ-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံဟုံး ပင်လောင်းလမ်းဆောင်ရွက်ထားရှိမှုနှင့် ဟိုတယ်ဇုန်ကားပါကင်နှင့် စက်လှေဆိပ်ပြုပြင်ထိန်းသိမ်းနေမှုကိုကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ကိန်းဝပ်စံပယ်တော်မူသည့် မူလရတနာစံကျောင်းဆောင်သို့ ရောက်ရှိ၍ ရတနာစံကျောင်းတော်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ရုပ်ရှင်တော်မြတ်အား ပန်း၊ ရေချမ်း၊ ဆွမ်း ဆက်ကပ် လှူဒါန်းကြပြီး ကျောင်းဆောင်များ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် အောက်တိုဘာ ၉ ရက်တွင် အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ အင်းလေးဒေသ ၂၁ ဌာန ကြွချီပြီး မူလကျောင်းဆောင်သို့ ပြန်လည်ကြွဝင်မည့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ကျိုင်းတုံအကျဉ်းထောင်၊ ရှမ်းရိုးမဘိုးဘွားရိပ်သာ၊ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းနှင့် ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးတို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ရှမ်းရိုးမဘိုးဘွားရိပ်သာ၊ တောင်ကြီးမြို့မရဲစခန်းအချုပ်ခန်း၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံအကျဉ်းထောင်၊ ကျိုင်းတုံမြို့မရဲစခန်း အချုပ်ခန်းနှင့် အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း(ကျိုင်းတုံ)များကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျိုင်းတုံ အကျဉ်းထောင်အား ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် အိပ်ဆောင်များ၌တွေ့ဆုံပြီး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူ တစ်ဦး၏ အနိမ့်ဆုံးရရှိရမည့်အခွင့်အရေးများရရှိခြင်း ရှိ မရှိ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ရောဂါအခြေအနေအပေါ်မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု၊ သန့်ရှင်းသောသောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှုနှင့် ယုံကြည်ရာ ကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေများကို တွေ့ဆုံမေးမြန်းခြင်း၊ အခြေခံအရေး၊ အဖတ်၊ အတွက် သင်ကြားပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားများဖြစ်သည့် ရှမ်း၊ လားဟူ၊ အာခါ ဘာသာစကားများဖြင့်လည်း တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

ထို့ပြင် အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများနှင့် အကျဉ်းသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေများကို မေးမြန်းခဲ့ပြီး သီးခြား လွတ်လပ်စွာ တောင်းခံသူ အကျဉ်းသား တစ်ဦးကိုလည်း သီးခြားတွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့သည်။

ထို့အတူ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံဆောင်၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ၊ ချိုးရေကန်များနှင့် အတွင်း အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိနှင့် ထောင်ဝင်စာတွေ့ဆုံသည့်နေရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည့်အပြင် ယခင် အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကိုလည်း စစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာစောင် ၇၀ လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရှမ်းရိုးမဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက် ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး အခြေခံလူ့အခွင့်အရေးဖြစ်သော လွတ်လပ်မှု၊ မျှတမှု ရှိ မရှိနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ လူသားချင်း စာနာထောက်ထားမှုကို အခြေခံ၍ စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ ဘိုးဘွား အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့်ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေနှင့် အသက် (၈၅) နှစ်ပြည့်ပြီးသော သက်ကြီး အဘိုး အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေး ရရှိရေး၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ ပင်စင်လစာထုတ်ယူရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေနှင့် ဘိုးဘွားများ၏ ကာယသုခ၊ စိတ္တသုခပြည့်ဝစေပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးရရှိရေး စီစဉ်ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရိပ်သာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုး အဘွားများအား အားပေးစကားပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း(ကျိုင်းတုံ)တွင် အမျိုးသမီးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုစောင့်ရှောက်ပေးမှုအခြေအနေနှင့် အတန်းပညာသင်ယူခွင့် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ လေ့ကျင့်သင်ကြား ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့်အခြေခံလူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် တောင်ကြီးမြို့မရဲစခန်းအချုပ်ခန်းနှင့် ကျိုင်းတုံမြို့မရဲစခန်း အချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု အခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သတင်းရရှိသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရွှေဘိုမြို့၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အသိတရားကင်းမဲ့စွာဖြင့် လက်လုပ်ရှော့တိုက်ဒုံး ပစ်ခတ်မှုကြောင့် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နေသည့် သာမဏေ ကိုရင်သုံးပါး ပျံလွန်တော်မူ၍ သာမဏေ ကိုရင်ရှစ်ပါး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် အောက်တိုဘာ ၂**
PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများသည် သာသနာတော်အကျိုး သယ်ပိုးလျက်ရှိသော ရဟန်းသံဃာတော်များ၊ အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့အရပ်သားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်လုပ်ရပ်များအား လူမဆန်စွာ ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများအား ယုတ်မာရိုင်းစိုင်း၍ အသိတရားကင်းမဲ့စွာ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါ (တောင်) ရွာအနီးမှ PDF အမည်ခံအကြမ်းဖက်သမားများသည် သာသနာတော်အကျိုး သယ်ပိုးလျက်ရှိသော သံဃာတော်များ သီတင်းသုံးနေထိုင်လျက်ရှိသည့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ယုတ်မာရိုင်းစိုင်းစွာဖြင့် လက်လုပ်ရှော့တိုက်ဒုံးပစ်ခတ်ခဲ့သောကြောင့် အောင်မြေဘုန်းတော်ကြီးကျောင်းဝင်းရှိ ချမ်းမြေ့ကျောင်းတိုက်အတွင်းသို့ ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါ ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲမှုကြောင့် ဘုန်းတော်ကြီးကျောင်းမှ စာသင်စာချပြုလုပ်နေသည့် သံဃာတော်များဖြစ်သည့် သက်တော် ၁၂ နှစ်နှင့် ၁၃ နှစ်အရွယ် သာမဏေကိုရင် သုံးပါး ပျံလွန်တော်မူခဲ့ပြီး ကိုရင် ရှစ်ပါး ဖုံးစထိမှန် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပျံလွန်တော်မူ၊ ဒဏ်ရာရရှိခဲ့သည့် ကိုရင်ငယ်များအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် သာသနိကအဆောက်အအုံနေရာသို့ အသိတရားကင်းမဲ့စွာဖြင့်









ရွှေဘိုမြို့ ချမ်းမြေ့ကျောင်းတိုက်သို့ PDF အကြမ်းဖက်အဖွဲ့မှ ပစ်ခတ်သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် ကိုရင်သုံးပါးပျံလွန်တော်မူ၍ ကိုရင်ရှစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


ရွှေဘိုမြို့ ချမ်းမြေ့ကျောင်းတိုက်အတွင်း PDF အကြမ်းဖက်အဖွဲ့မှ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲသည့် နေရာပြပုံ




အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အားကောင်းသောမုန်တိုင်းငယ် အားလျော့သွားနိုင်

**နေပြည်တော် အောက်တိုဘာ ၂**
ယနေ့ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေကို ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဩရိဿပြည်နယ်တောင်ပိုင်းကို ဖြတ်ကျော်နိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**



## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၄-၁၀-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိ မည့် ရွှေသွေးဂျာနယ်အတွဲ (၅၇)၊ အမှတ် (၄၀) တွင်** သီတင်းကျွတ်ပွဲတော်တွင် သူငယ်ချင်းများနှင့် ဖြောက်ဖောက်ကစားကာ အခြားသူများကို လန့်အောင်ပြုလုပ်ခဲ့ရာမှ မိမိတွင်လည်း အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရပုံကို သရုပ်ဖော်ထားသည့် "ကုသိုလ်လည်းရ ဝမ်းလည်းဝ" မျက်နှာဖုံးကာတွန်း၊ ကလေးများ အရပ်ရှည်စေရန် နေထိုင်စားသောက်ရမည့်နည်းလမ်းများကို ဗဟုသုတရဖွယ် ရေးသားထားသည့် "သားသားမီးမီးတို့ အရပ်ရှည်စေဖို့" သုတဆောင်းပါးကဏ္ဍ၊ သီတင်းကျွတ်လပြည့်နေ့တွင် လူကြီးသူမများကို ကန်တော့ကြပုံနှင့် မုန့်ဖိုးများ ပြန်လည်ရရှိကြပုံကို ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "ဂန္ထဝင် ခင်ခင်ပြုံးနှင့် အပေါင်းအသင်းများ" နှစ်မျက်နှာကာတွန်း၊ ကလေးများကစားရာ၌ မိမိအတွက် အန္တရာယ်ဖြစ်စေမည့်နည်းလမ်းများကို ရှောင်ရှားနိုင်စေရန် ရေးသားထားသည့် "အသိနှင့်ယှဉ်ကစားစေချင်" ဝတ္ထုကဏ္ဍ၊ ကျောင်းသားများအနေဖြင့် စာကိုသာ အချိန်ယူကြိုးစားသင့်ကြောင်း သရုပ်ဖော်ထားသည့် "ညီနောင်နှင့် နှင်းနှင်း"တစ်မျက်နှာကာတွန်း၊ ဆင်ခြင်ဉာဏ်ကင်းမဲ့ကာ သူတစ်ပါး၏ ပြောစကားကို ယုံမှားမိ၍ အသက်အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသော မျောက်ဆိုးလေး အကြောင်းကို ရေးသားထားသည့် "ဆင်ခြင်ဉာဏ်ကင်းမဲ့လျှင်" ပုံပြင်ကဏ္ဍ၊ ဦးဒက်၏အိမ်ကို လုံခြုံစေရန် သူ၏ နည်းပညာဖြင့် လုပ်ဆောင်ပေးခဲ့သော ဉာဏ်ထက်မြက်သည့် ရွှေပဲအကြောင်းကို သရုပ်ဖော်ထားသည့် "ရွှေပဲ" နှစ်မျက်နှာကာတွန်း၊ ကွမ်းစားခြင်းဖြင့် ဖြစ်လာနိုင်သည့် ရောဂါများအကြောင်းကို သရုပ်ဖော်ထားသည့် "ဂျာရစ်" နှစ်မျက်နှာကာတွန်း၊ ရေခဲသေတ္တာ ဝယ်ယူရာ၌ ရောင်းသူနှင့် ဝယ်သူတို့ အပြန်အလှန်ပြောဆိုပုံကို ပုံစံအမျိုးမျိုးဖြင့် ရေးသားထားသည့် "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



# လကမ္ဘာပေါ်သို့ လဆင်းယာဉ် အောင်မြင်စွာဆင်းသက်နိုင်ရန် တိုကျိုအခြေစိုက် အိုင်စပေ့စ် လုပ်ဆောင်

**တိုကျို အောက်တိုဘာ ၂**

တိုကျိုအခြေစိုက် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ အိုင်စပေ့စ်သည် ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် မျှော်မှန်းထားသည့် ၎င်း၏ တည်ဆောက်ဆဲ လဆင်းယာဉ်အသစ်ကို ထုတ်ဖော်ပြသခဲ့သည်။

ဇွန်လက ကုမ္ပဏီသည် ၎င်း၏လဆင်းယာဉ်ဖြင့် လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးပမ်းမှုမအောင်မြင်ခဲ့ပေ။ ယခုအခါ ကုမ္ပဏီသည် လဆင်းယာဉ်ကို အောင်မြင်စွာတီထွင်ပြုလုပ်နိုင်သည့် ပထမဆုံး ပုဂ္ဂလိက ဂျပန်ကုမ္ပဏီဖြစ်လာရန် ရည်ရွယ်ကြိုးစားလျက်ရှိသည်။

ကုမ္ပဏီသည် ၎င်း၏တည်ဆောက်ဆဲလဆင်းယာဉ်ကို အောက်တိုဘာ ၂ ရက်တွင် မီဒီယာသို့ ပြသခဲ့သည်။ ယင်းလဆင်းယာဉ်သည် အမြင့် ၃ ဒသမ ၆ မီတာရှိပြီး အနံ ၃ ဒသမ ၃ မီတာရှိသည်။

လပေါ်သို့ ပို့ဆောင်ရေးဝန်ဆောင်မှုစတင်နိုင်ရန် မျှော်မှန်းချက်ဖြင့် တည်ဆောက်နေသည့် အဆိုပါယာဉ်သည် အများဆုံးအလေးချိန် ကီလိုဂရမ် ရာဂဏန်းအထိ သယ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ရသည်။

အဆိုပါစီမံကိန်းသည် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ယမ်း ၁၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆ သန်း) လက်ခံရရှိမည်ဖြစ်သည်။ တုန်ခါမှုနှင့် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်မှုများပြုလုပ်ပြီး ဒီဇိုင်းများကို ပိုမိုကောင်းမွန်စေပြီးနောက် ကုမ္ပဏီသည် ဒုံးပျံပေါ်တွင်တပ်ဆင်ရန် အာကာသယာဉ်ကို စတင်တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

လွန်ခဲ့သောနှစ်က အမေရိကန်အာကာသဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီသည် လဆင်းယာဉ်ကို လပေါ်သို့ ဆင်းသက်စေနိုင်ခဲ့သည့် ပထမဆုံး ပုဂ္ဂလိက ကုမ္ပဏီဖြစ်လာခဲ့သည်။ ထို့ပြင် လွန်ခဲ့သော မတ်လကလည်း အခြားသော အမေရိကန်ကုမ္ပဏီတစ်ခုသည် လပေါ်သို့ လဆင်းယာဉ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

အိုင်စပေ့စ်တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် (စီအီးအို) ဟာကာမာဒါတာကီရှိက ၎င်း၏ကုမ္ပဏီသည် လကမ္ဘာသို့ လဆင်းယာဉ် ဆင်းသက်စေနိုင်တော့မည့် အမေရိကန်ပြင်ပတွင်ရှိသည့် တစ်ခုတည်း



သော ကုမ္ပဏီဖြစ်လာတော့မည်ဖြစ်ကြောင်း ပြောသည်။

လကမ္ဘာပေါ်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ဂျပန်နိုင်ငံတည်ရှိမှုကို ပြသရန်ရည်ရွယ်ချက်ဖြင့် လဆင်းယာဉ်အသစ်ကို အပြီးသတ်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီအီးအိုက ဖြည့်စွက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တိုကျိုမြို့၌ ယာဉ်မောင်းရှားပါးမှုကြောင့် ဘတ်စ်ကား ဝန်ဆောင်မှုလျှော့ချ

**တိုကျို အောက်တိုဘာ ၂**

တိုကျိုမြို့ ဘတ်စ်ကားဝန်ဆောင်မှုများမှာ ယာဉ်မောင်းလုံလောက်စွာ မရှိခြင်းကြောင့် ဝန်ဆောင်မှု လျှော့ချထားရသည်။ ယခုလအတွင်းမှစတင်၍ ဘတ်စ်ကား ဝန်ဆောင်မှုလျှော့ချထားပြီး ၂၀၁၂ ခုနှစ်နောက်ပိုင်း အလုပ်သမားပြတ်လပ်မှုကြောင့် ပထမဆုံးအကြိမ် ဝန်ဆောင်မှုလျှော့ချရခြင်း ဖြစ်သည်။




မြို့တော်အတွင်းရှိ လမ်းကြောင်း ၁၉ ခုပေါ်တွင် တစ်ပတ်အတွင်း စုစုပေါင်း ဝန်ဆောင်မှုခရီးစဉ် ၂၀၆ ကြိမ်အထိ လျှော့ချခဲ့သည်ဟု တိုကျိုမြို့အစိုးရ၏ သယ်ယူပို့ဆောင်ရေး ဗျူရိုက ပြောသည်။

ယခုလို ဝန်ဆောင်မှုလျှော့ချခြင်းကြောင့် နေ့စဉ်ဘတ်စ်ကား အသုံးပြုနေရသည့် အလုပ်သမားများအပေါ် ကြီးမားသည့် သက်ရောက်မှုရှိလိမ့်မည်ဟု ဘတ်စ်ကားမှတ်တိုင်တွင် စောင့်ဆိုင်းနေသော ခရီးသည်တစ်ဦးက ပြောသည်။

ယာဉ်မောင်းများ၏ အလုပ်ချိန် အချိန်ဇယားကို စီစဉ်ရာတွင် အခက်အခဲရှိသည့်အတွက် ယခုလို ဝန်ဆောင်မှုလျှော့ချရခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ဗျူရိုက ပြောသည်။ အလုပ်ဇယား အပြောင်းအလဲများကြောင့် ဝန်ဆောင်မှုလျှော့ချရခြင်းမှာ ခက်ခဲသည့် ဆုံးဖြတ်ချက်ဖြစ်သည်ဟု သယ်ယူပို့ဆောင်ရေးဗျူရိုမှ အီနိုအဲဆဲချီက ပြောသည်။

အခြားသော ဘတ်စ်ကား ကုမ္ပဏီများနှင့် အရည်အချင်းပြည့်မီသည့် ယာဉ်မောင်းအလုံအလောက်ရရှိရေး ယှဉ်ပြိုင်နေရသည့်အတွက် ယာဉ်မောင်းအလုံအလောက်ရရှိရန် ခက်ခဲသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၆ ခုနှစ် အမျိုးသမီး ဘတ်စကက်ဘော ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လက်မှတ်ရောင်းချမှုစတင်

**မိုက်စ် အောက်တိုဘာ ၂**

၂၀၂၆ ခုနှစ် အမျိုးသမီး ဘတ်စကက်ဘော ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လက်မှတ်ရောင်းချမှုများ စတင်ပြီဟု ကမ္ဘာ့ဘတ်စကက်ဘော အုပ်ချုပ်ရေးအဖွဲ့ (FIBA) က အောက်တိုဘာ ၁ ရက်တွင်သတင်းထုတ်ပြန်သည်။

အဆိုပါပြိုင်ပွဲကို ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ်ပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်ပြီး နောက်ဆုံးပွဲစဉ်လက်မှတ်များ၊ အကြိုဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲအတွက် လက်မှတ်များကိုပါ ရောင်းချနေပြီဖြစ်သည်။

၂၀၂၆ ခုနှစ် အမျိုးသမီးဘတ်စကက်ဘော ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပရန် နီးကပ်လာသည့်အတွက် နောက်ဆုံးပွဲစဉ်လက်မှတ်များ ရောင်းချရမှုစတင်လိုက်ပြီး ပွဲကျင်းပရန် စောင့်ဆိုင်းရသည့်မှာ စိတ်လှုပ်ရှားဖွယ်ကောင်းသည်ဟု FIBA အတွင်းရေးမှူးချုပ် အန်ဒရက်စ်ဇက်ကလစ်က ပြောသည်။ နိုဝင်ဘာလအတွင်း နောက်ထပ် လက်မှတ်အမျိုးအစားများကို ထပ်မံရောင်းချသွားမည်ဖြစ်သည်။

နောက်ဆုံးပွဲစဉ်များအတွက် တစ်ရက်စာဝင်ကြေးလက်မှတ်များ၊ ဂျာမနီအသင်းပါဝင်သည့် လက်မှတ်များ၊ ပရီမီယံလက်မှတ်များနှင့် အကန့်အသတ်ဖြင့်ရောင်းချသည့် ကစားကွင်းနားရှိ အထူးနေရာလက်မှတ်များ ရောင်းချမှုတို့ပါဝင်မည်ဖြစ်သည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဘူအလွိုင်ကြောင့် သေဆုံးသူ ၃၄ ဦးရှိပြီး ၂၀ ပျောက်ဆုံးနေ

## စီးပွားရေးဆုံးရှုံးမှုမှာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၃၅၆ သန်းခန့်ရှိ

**ဟန္နိုင်း အောက်တိုဘာ ၂**

ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဘူအလွိုင်နှင့် နောက်ဆက်တွဲဖြစ်သည့် ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများကြောင့် လူပေါင်း ၃၄ ဦးသေဆုံးပြီး ၂၀ ပျောက်ဆုံးနေကြောင်း၊ အခြား လူ ၁၄၀ ဒဏ်ရာရရှိကြောင်းနှင့် စီးပွားရေးဆုံးရှုံးမှုမှာ ခန့်မှန်းခြေအားဖြင့် ဗီယက်နမ်ဒေါင် ၈ ဒသမ ၇၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၅၆ သန်းခန့်) ရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက အောက်တိုဘာ ၁ ရက်က ထုတ်ပြန်ထားသည်။

တိုင်ဖွန်း မုန်တိုင်းကြောင့် အခြေခံ အဆောက်အအုံများ ကြီးမားစွာပျက်စီးခဲ့ရပြီး လျှပ်စစ်မီးတိုင် ၈၂၀၀ ကျော် လဲကျခြင်း၊ အိမ်ထောင်စု ၂ ဒသမ ၇ သန်းနီးပါး လျှပ်စစ်မီး ပြတ်တောက်ခြင်း၊ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လမ်း ၃၀၀၀ ကျော် လမ်းပိတ်ခဲ့ရကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**





# အာဖဂန်ရဲတပ်ဖွဲ့က လက်နက်ကိုင်လုယက်သူ နှစ်ဦးကို ဖမ်းဆီးပြီး အမေရိကန်ဒေါ်လာ ၄၀၀၀၀၀ ခန့်တန်ဖိုးရှိ ရွှေနှင့် ငွေသားများကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

**ကဘူးလ် အောက်တိုဘာ ၂**

ရဲတပ်ဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒက်ရှန်းပြည်နယ်၌ လက်နက်ကိုင်လုယက်သူ နှစ်ဦးကို ဖမ်းဆီးခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၀၀၀၀၀ ခန့် တန်ဖိုးရှိ ရွှေနှင့်ငွေသားများကို ပြန်လည်ရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ရုံးက အောက်တိုဘာ ၂ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

လက်နက်ကိုင်လုယက်သူများသည် လွန်ခဲ့သည့်ရက်များအတွင်းက ငွေလဲလှယ်သူတစ်ဦးကို တိုက်ခိုက်ပြီး ရွှေ ၂ ဒသမ ၆ ကီလိုဂရမ်ဝန်းကျင်၊ အမေရိကန်ဒေါ်လာ ၂၈၃၂၅ ဒေါ်လာ၊ အာဖဂန်နီ ၂ ဒသမ ၂ သန်း(အမေရိကန်ဒေါ်လာ ၃၃၀၀၀ ဝန်းကျင်) နှင့် ယူရို ၁၀၀၀(၁၁၇၅ ဒေါ်လာ ဝန်းကျင်) တို့ကို လုယက်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ရဲတပ်ဖွဲ့က အဆိုပါ ရှာဖွေရေးလုပ်ငန်းစဉ်အတွင်း လုယက်သူနှစ်ဦးကို ဖမ်းဆီး၍ တန်ဖိုးကြီးသည့် ပစ္စည်းများအားလုံးကို ရှာဖွေတွေ့ရှိခဲ့ပြီး ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း(၇၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁။ MMS IEC 60255 – 1:2022 တိုင်းတာမှုရီလေးများနှင့် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ– အပိုင်း (၁) အခြေခံလိုအပ်ချက်များ

၂။ MMS IEC 60270:2000+AMD1:2015 ဗို့အားမြင့် စမ်းသပ်ခြင်းဆိုင်ရာ နည်းစနစ်များ – တစ်စိတ်တစ်ပိုင်း လျှပ်စစ်ထုတ်လွှတ်မှုအတွက် တိုင်းတာခြင်းများ

၃။ MMS IEC 60364–7–712:2017 ဗို့အားနိမ့်လျှပ်စစ်တပ်ဆင်ခြင်းများ– အပိုင်း (၇–၇၁၂) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် တည်နေရာများအတွက် လိုအပ်ချက်များ– ဆိုလာဖိုတိုဗို့လ်တစ် လျှပ်စစ်ဓာတ်အားပေးရေးစနစ်များ

၄။ MMS IEC 61010–1:2010+AMD1:2016 CSV တိုင်းတာခြင်း၊ ထိန်းချုပ်ခြင်းနှင့် ဓာတ်ခွဲခန်းအသုံးပြုခြင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းကိရိယာများအတွက် အန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များ– အပိုင်း(၁) အထွေထွေလိုအပ်ချက်များ

၅။ MMS IEC 61853–1:2011 ဖိုတိုဗို့လ်တစ် မော်ဂျူးစွမ်းဆောင်မှုစမ်းသပ်ခြင်းနှင့် စွမ်းအင်သတ်မှတ်ချက် – အပိုင်း(၁) နေရောင်ခြည်ကျရောက်မှုနှင့် အပူချိန်စွမ်းဆောင်ရည် တိုင်းတာခြင်းနှင့် စွမ်းအားသတ်မှတ်ခြင်း

၆။ MMS IEC 62109–1:2010 ဖိုတိုဗို့လ်တစ်လျှပ်စစ်ဓာတ်အားစနစ်များတွင် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားလျှပ်မျိုးပြောင်း ကိရိယာများအတွက် အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၁) အထွေထွေလိုအပ်ချက်များ

၇။ MMS IEC 62305–1:2024 မိုးကြိုးအန္တရာယ်မှ ကာကွယ်ခြင်း– အပိုင်း(၁) အထွေထွေစည်းမျဉ်းများ

၈။ MMS IEC 62305–3:2024 မိုးကြိုးအန္တရာယ်မှ ကာကွယ်ခြင်း– အပိုင်း(၃) အဆောက်အဦပျက်စီးမှုနှင့် လူ့အသက်အန္တရာယ်

၉။ MMS IEC 62446–2:2020 ဖိုတိုဗို့လ်တစ်စနစ်များ– စမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် လိုအပ်ချက်များ – အပိုင်း(၂) လျှပ်စစ်ဓာတ်အားကွန်ရက်ချိတ်ဆက်ခြင်းစနစ်များ– ဖိုတိုဗို့လ်တစ်စနစ်များ၏ ပြုပြင်ထိန်းသိမ်းခြင်း

၁၀။ MMS IEC TS 62446–3:2017 ဖိုတိုဗို့လ်တစ်စနစ်များ စမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် လိုအပ်ချက်များ– အပိုင်း(၃) ဖိုတိုဗို့လ်တစ်မော်ဂျူးများနှင့် ဖိုတိုဗို့လ်တစ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံများ–အပြင်ဘက် အနီအောက်ရောင်ခြည် အပူပုံရိပ်ဖမ်းတိုင်းတာခြင်း

၁၁။ MMS IEC 62548–1:2023 စုစည်းတည်ဆောက်ထားသော ဖိုတိုဗို့လ်တစ် – အပိုင်း(၁) ဒီဇိုင်းလိုအပ်ချက်များ

၁၂။ MMS IEC 62930:2017 ဗို့အားသတ်မှတ်ချက် ဒီစီ ၁.၅ကီလိုဗို့ရှိသော ဖိုတိုဗို့လ်တစ်စနစ်များအတွက် လျှပ်စစ်ကေဘယ်လ်ကြိုးများ

၁၃။ MMS IEC 62933–5–1:2024 လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များ– အပိုင်း (၅–၁) လျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်နှင့် ချိတ်ဆက်ထားသော လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များအတွက် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

၁၄။ MMS IEC 62933–5–2:2020 လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များ–အပိုင်း (၅–၂) လျှပ်စစ်ဓာတ်အားကွန်ရက်စနစ်နှင့် ချိတ်ဆက်ထားသော လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များအတွက် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

၁၅။ MMS IEC 62933–5–3:2023 လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်များ–အပိုင်း(၅–၃) လျှပ်စစ်ဓာတ်အားကွန်ရက်စနစ်နှင့် ချိတ်ဆက်ထားသော လျှပ်စစ်စွမ်းအင်သိုလှောင်မှုစနစ်အတွက် အန္တရာယ်ကင်းရှင်းခြင်းဆိုင်ရာလိုအပ်ချက်များ– လျှပ်စစ်ဓာတုဗေဒအခြေခံစနစ်အတွက် မွမ်းမံပြင်ဆင်မှုများလုပ်ဆောင်ခြင်း

၁၆။ MMS IEC 63112:2021 စုစည်းတည်ဆောက်ထားသော ဖိုတိုဗို့လ်တစ် – မြေခတ်ကျ အပြစ်ကာကွယ်ခြင်းဆိုင်ရာ ကိရိယာ– အန္တရာယ်ကင်းရှင်းရေးနှင့် အန္တရာယ်ကင်းရှင်းမှုနှင့်သက်ဆိုင်သည့် လုပ်ဆောင်ချက်များ

၁၇။ MMS CXS 72:1981 နို့စို့ကလေးအတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်၊ ကျန်းမာရေးအတွက် ဖော်စပ်စာနှင့် ဖော်စပ်ဖြည့်စွက်စာ စံချိန်စံညွှန်း

၁၈။ MMS CXS 73:1981 နို့စို့ကလေးငယ်အတွက် စည်သွတ်ထားသော အစားအသောက် စံချိန်စံညွှန်း

၁၉။ MMS CXS 108:1981 သဘာဝတွင်းထွက်ရေ စံချိန်စံညွှန်း

၂၀။ MMS CXS 150:1985 အစားအသောက်သုံး ဆားစံချိန်စံညွှန်း

၂၁။ MMS CXS 180:1991 ကျန်းမာရေးအတွက် ရည်ရွယ်သော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းနှင့် အညွှန်းစာ စံချိန်စံညွှန်း

၂၂။ MMS CXS 250:2006 ဟင်းသီးဟင်းရွက်အဆီနှင့် အဆီထုတ်ထားသော နို့အရော စံချိန်စံညွှန်း

၂၃။ MMS ISO/TS 22002–1:2009 အစားအစာဘေးကင်းရေးဆိုင်ရာ ကြိုတင်လိုအပ်ချက် အစီအစဉ်များ– အပိုင်း(၁)– အစားအစာထုတ်လုပ်ရေးလုပ်ငန်းများ

၂၄။ MMS ISO/TS 22002–3:2011 အစားအစာဘေးကင်းရေးဆိုင်ရာ ကြိုတင်လိုအပ်ချက် အစီအစဉ်များ–အပိုင်း(၃)– စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ

၂၅။ MMS UNECE R 117: 2016 တာယာမှ ဆူညံသံထွက်မှု၊ စိုစွတ်မှုတွင်ကပ်တွယ်နိုင်မှု၊ ခုခံနိုင်မှုတို့နှင့်စပ်လျဉ်းသည့် တစ်ပြေးညီ ပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းအမှတ်–၁၁၇

၂၆။ MMS UNECE R 142: 2017 မော်တော်ယာဉ်တွင် တာယာတပ်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းအမှတ်–၁၄၂

၂၇။ MMS ISO 10002:2018 အရည်အသွေးစီမံခန့်ခွဲမှု–စားသုံးသူ/သုံးစွဲသူစိတ်ကျေနပ်မှု– အဖွဲ့အစည်းများတွင် တိုင်တန်းမှုများကိုင်တွယ်ခြင်းအတွက် လမ်းညွှန်ချက်များ

၂၈။ MMS ISO 10006:2017 စီမံကိန်းများအတွက် အရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်မှုများ

၂၉။ MMS ISO 10007:2017 အရည်အသွေးစီမံခန့်ခွဲမှု–အစိတ်အပိုင်းဖွဲ့စည်းမှု စီမံခန့်ခွဲရေးလမ်းညွှန်ချက်

၃၀။ MMS 56 : 2025 ပဲတီစိမ်းစံချိန်စံညွှန်း

၃၁။ MMS ASEAN STAN 58:2018 အုန်းသီးအရင့် စံချိန်စံညွှန်း

၃၂။ MMS 58:2025 Aloe vera L. Burm.f. ရှားစောင်းလက်ပပ်

၃၃။ MMS 59:2025 Morinda citrifolia L. ရဲယို

၃၄။ MMS 60:2025 Adhatoda vasica Nees. မုရားကြီး

၃၅။ MMS 61:2025 Brucea javanica (L.) Merr. ရာတန်စေ့

၃၆။ MMS 62:2025 Alstonia scholaris (L.) R. Br. တောင်မုရိုး/တောင်မဲအုပ်

၃၇။ MMS 57: 2025 ရေရှည်တည်တံ့သော မြန်မာ့သဘာဝရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

၃၈။ MMS ISO 756–1:1981 စက်မှုလုပ်ငန်းသုံး ပရိုပနော–စမ်းသပ်ခြင်းနည်းစဉ် အပိုင်း(၁) –အထွေထွေ

၃၉။ MMS ISO 2992:1974 စက်မှုလုပ်ငန်းသုံး အမိုနီယမ်ဆာလဖိတ်–သံဓာတ်ပါဝင်မှုကို တိုင်းတာခြင်း–2, 2'–ဘိုင်ပါရာဒိုင်းဖိုတို မက်ထရစ်နည်းစဉ်

၄၀။ MMS ISO 2993:1974 စက်မှုလုပ်ငန်းသုံးအမိုနီယမ်ဆာလဖိတ်–Free acidityပါဝင်မှုကိုတိုင်းတာခြင်း –ထုထည်တိုင်းဓာတ်ခွဲနည်းစဉ်

၄၁။ MMS ISO 3107:2022 သွားဘက်ဆိုင်ရာလုပ်ငန်း–ဇင့်အောက်ဆိုက် – eugenol zinc oxide cements and non–eugenol cements

၄၂။ MMS ISO 3332:1975 စက်မှုလုပ်ငန်းသုံး အမိုနီယမ်ဆာလဖိတ်– အမိုနီယာကယ်လ် နိုက်ထရိုဂျင်ပါဝင်မှုကို တိုင်းတာခြင်း–ပေါင်းခံပြီး ထုထည်တိုင်းဓာတ်ခွဲနည်းစဉ်

၄၃။ MMS ISO 7103:1982 စက်မှုလုပ်ငန်းသုံး အင်ဟိုက်ဒရပ်စ်အမိုးနီးယားအရည် – နမူနာယူခြင်း – ဓာတ်ခွဲခန်းနမူနာရယူပြင်ဆင်ခြင်း

၄၄။ MMS ISO 7105:1985 စက်မှုလုပ်ငန်းသုံး အင်ဟိုက်ဒရပ်စ်အမိုးနီးယားအရည် – ရေပါဝင်မှုကိုတိုင်းတာခြင်း – Karl Fischer နည်းစဉ်

၄၅။ MMS ISO 7106:1985 စက်မှုလုပ်ငန်းသုံး အင်ဟိုက်ဒရပ်စ်အမိုးနီးယားအရည် – ဆီပါဝင်မှုကိုတိုင်းတာခြင်း– ထုထည်တိုင်းဓာတ်ခွဲနည်းစဉ်နှင့် အနီအောက်ရောင်စဉ် တိုင်းတာခြင်းနည်းစဉ်

၄၆။ MMS ISO 8174:1986 စက်မှုလုပ်ငန်းသုံး အီသိုင်လင်းနှင့် ပရိုပိုင်လင်း– အက်စီတုန်း၊ အက်စီတိုနိုင်ထရိုင်း၊ ပရိုပနော နှင့် မက်သနောပါဝင်မှုကိုတိုင်းတာခြင်း – ဓာတ်ငွေ့ခရိုမာတိုဂရပ်ဖစ်နည်းစဉ်

၄၇။ MMS ISO 53:1998 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုသည့် ဆလင်ဒါပုံဂီယာများ – စံအခြေခံ rack tooth ပုံသဏ္ဌာန်

၄၈။ MMS ISO 54:1996 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုသည့် ဆလင်ဒါပုံဂီယာများ – မော်ဂျူးများ

၄၉။ MMS ISO 76:2006+ Amd 1:2017 Rolling bearing များ– တည်မြဲဝန်အားအဆင့် သတ်မှတ်ချက်များ

၅၀။ MMS ISO 113:2010 Rolling bearing များ – Plummer block housing များ – အတိုင်းအတာသတ်မှတ်ချက်များ

၅၁။ MMS ISO 199:2023 Rolling bearing များ – Thrust bearing များ – ဂျီဩမေတြီဆိုင်ရာ ထုတ်ကုန်အသေးစိတ်အချက်အလက်များနှင့် ခွင့်ပြုနိုင်သည့်တန်ဖိုးများ

၅၂။ MMS ISO 355:2019 Rolling bearing များ – Tapered roller bearing များ – အတိုင်းအတာသတ်မှတ်ချက်များနှင့် စီးရီးအလိုက် အမှတ်အသားများ

၅၃။ MMS ISO 582:1995+ Amd 1:2013 Rolling bearing များ – Chamfer အတိုင်းအတာများ – အများဆုံးတန်ဖိုး

၅၄။ MMS ISO 677:1976 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုသည့် Straight bevel ဂီယာများ– အခြေခံဂီယာသွားပုံစံ

၅၅။ MMS ISO 678:1976 အထွေထွေအင်ဂျင်နီယာလုပ်ငန်းများနှင့် ကြီးမားသည့် အင်ဂျင်နီယာလုပ်ငန်းများတွင် အသုံးပြုသည့် Straight bevel ဂီယာများ– မော်ဂျူးနှင့် အချင်းပေါ် မူတည်သည့် ဂီယာသွား အကွာအဝေးအတိုင်းအတာများ

၅၆။ MMS ISO 3069:2000 End–suction centrifugal pump များ – စက်အရစ်ပိတ်များနှင့် Soft packing များအတွက် အခေါင်းပေါက်များ၏ အတိုင်းအတာများ

၅၇။ MMS ISO 3661:1977 End–suction centrifugal pump များ – အောက်ခံပြားနှင့် တပ်ဆင်မှုအတိုင်းအတာများ

၅၈။ MMS ISO 5198:1987 ဗဟိုခွာ၊ ရောစပ်စီးဆင်းမှုနှင့် ဝင်ရိုးတည့်ပန့်များ – ဟိုက်ဒရောလစ်စွမ်းဆောင်ရည် စမ်းသပ်မှုများအတွက် လုပ်ထုံးလုပ်နည်း – တိကျမှုအဆင့်

၅၉။ MMS ISO 5593:2023 Rolling bearing များ– ဝေါဟာရများ

၆၀။ MMS ISO 9905:1994+Amd 1:2011+ Cor 1:2005 ဗဟိုခွာပန့် (Centrifugal Pump) များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ– အတန်းအစား ၁– ပြင်ဆင်ချက် ၁

၆၁။ MMS ISO 9906:2012 ရိုတိုဒိုင်းနမစ်ပန့်များ – ဟိုက်ဒရောလစ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ခွင့်ပြုလက်ခံသည့် စမ်းသပ်မှုများ – အဆင့်သတ်မှတ်ချက် ၁၊ ၂ နှင့် ၃

၆၂။ MMS ISO 9908:1993+ Amd 1:2011 Centrifugal Pump များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ– အတန်းအစား ၃

၆၃။ MMS ISO/ASME 14414:2019 ပန့်စနစ် စွမ်းအင်အကဲဖြတ်ခြင်း

၆၄။ MMS ISO 11485–1:2011 အဆောက်အဦများတွင် အသုံးပြုသော မှန်– မှန်အကွေး–အပိုင်း ၁: ဝေါဟာရနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၆၅။ MMS ISO 11485–2:2011 အဆောက်အဦများတွင် အသုံးပြုသော မှန်– မှန် အကွေး–အပိုင်း ၂: ဝေါဟာရနှင့် အရည်အသွေးဆိုင်ရာ လိုအပ်ချက်များ

*စာမျက်နှာ ၁၆ သို့*

## မြင်းခြံမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မြင်းခြံ အောက်တိုဘာ ၂**

မြင်းခြံမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား အလှူငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ခြင်းကို ယမန်နေ့က မြင်းခြံဘိုးဘွားရိပ်သာ၌ ပြုလုပ်သည်။

ဦးစွာ မြင်းခြံဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းနှင့် ဝန်ထမ်းများက အလှူငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြသည်။ မြင်းခြံမြို့အတွင်းရှိ သက်ကြီးဘိုးဘွားများအား အလှူငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် ပေးအပ်ကန်တော့ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

## ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၁၄)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ပြည် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျက်သရေဆောင် သမိုင်းဝင်လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၁၄)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၂၆)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်အပူဇော်ခံပွဲကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ၁၀ ရက်တိုင် ကျင်းပမည်ဖြစ်သည်။

ပွဲတော်ကျင်းပရက် ၁၀ ရက်အတွင်း ပျော်ပွဲရွှင်ပွဲများ၊ ကစားကွင်းများ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပြိုင်ပွဲနှင့် ပွဲတော်ဈေးဆိုင် တန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## ကံမမြို့၌ အသက်(၈၅)နှစ်အထက် ဘိုးဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆေးကုသ

**ကံမ အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက်(၈၅)နှစ်အထက် ဘိုးဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆီးချို သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါစစ်ဆေးပေးခြင်းကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံ၌ အခမဲ့ စမ်းသပ်စစ်ဆေး ကုသပေးခဲ့သည်။

ထိုသို့စစ်ဆေးကုသရာတွင် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို သွေးချို စစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဗိုလ်၊ လက်ထောက်



ဆရာဝန်နှင့် ကျန်းမာရေး ဆရာ ဆရာမများက အခမဲ့ စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## တနိုင်းမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**တနိုင်း အောက်တိုဘာ ၂**

တနိုင်းမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်း အမှတ်အခမ်းအနားကို ယမန်နေ့က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒေသကွပ်ကဲရေးမှူး စစ်ဌာနချုပ် (တနိုင်း) ဗိုလ်မှူးချုပ်ကျော်ဖုန်းအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် ဒေသကွပ်ကဲရေးမှူး စစ်ဌာနချုပ်(တနိုင်း)ဗိုလ်မှူးချုပ်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကန်တော့ခံဆရာကြီး ဆရာမကြီးများအတွက် ငွေကျပ် ၁၀ သိန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်လင်းက ငွေကျပ် ငါးသိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက ငွေကျပ် ငါးသိန်း ပေးအပ်သည်။

ထို့နောက် အငြိမ်းစားယူသွားသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်း၊ ဆရာကြီး ဆရာမကြီးများအား ကန်တော့ပစ္စည်းများ ပေးအပ်ခြင်း၊ ကန်တော့ခံဆရာကြီး ဆရာမကြီးများ ကိုယ်စား ဆရာကြီး ဦးဂျိုးဇက်တောင်ဝါက ဆုံးမသြဝါဒစကား ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၂**

စစ်ကိုင်းမြို့၌ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်း



အမှတ် အခမ်းအနားကို ယမန်နေ့က စစ်ကိုင်းမြို့ ရွာထောင်ဘိုးဘွားရိပ်သာ၌ ကျင်းပရာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက အဘိုးအဘွားများအား ကန်တော့ကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက အဘိုးအဘွား ၄၂ အား ဂါရဝ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် မင်းကွန်းဘိုးဘွားရိပ်သာနှင့် ရှင်ချမ်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**နေလင်းအောင်(ပြန်/ဆက်)**

## တာလေမြို့၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပေး

**တာလေ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ သားအိမ်ခေါင်း ကင်ဆာရောဂါကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ရောဂါကာကွယ် ဆေးထိုးနှံခြင်းကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း (တာလေ)၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တာလေမြို့ ကျန်းမာရေး ဆရာမ ဒေါ်နန်းစိန်ဦး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသားမိဘများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးရခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး တာလေမြို့အတွင်းရှိ အခြေခံပညာ စာသင်ကျောင်း ငါးကျောင်းမှ အသက်ငါးနှစ်မှ ခုနစ်နှစ်ကြား



ကျောင်းသား ကျောင်းသူ ၁၀၃ ဦးအား ဆုံဆို့-မေးခိုင် ကာကွယ်ဆေးများကိုလည်းကောင်း၊ အသက်ကိုးနှစ်မှ ၁၀ နှစ်ကြား ကျောင်းသူ ၅၂ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## ဒစ်ဂျစ်တယ်အသိပညာ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်

**ပုဂံ အောက်တိုဘာ ၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ယွန်းပညာကောလိပ်တွင် ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းကို ယမန်နေ့က အဆိုပါကောလိပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ယွန်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး သင်တန်းနည်းပြ ဦးစီးအရာရှိ ဒေါ်ခင်ခင်လေးက သင်တန်းတွင် အွန်လိုင်းစနစ်ဖြင့် ကုန်ပစ္စည်းများ ရောင်းချရာတွင် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများအကြောင်း၊ ssid website ဝင်ရောက်ပုံနှင့် အသုံးပြုနည်းများအကြောင်း၊ Email အကောင့်ဖွင့်နည်း၊ Email အသုံးပြုနည်း၊ လုပ်ငန်းမှတ်ပုံတင်ခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ လုပ်ငန်းမှတ်ပုံတင်နှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် Online Registration လျှောက်ထားပုံ အဆင့်ဆင့်တို့ကို အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၂၀ တို့အား ရှင်းလင်းပို့ချခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**ဒီပါလင်း**

*စာမျက်နှာ ၁၅ မှ*

၆၆။ MMS ISO 11485-3:2014 အဆောက်အဦများတွင် အသုံးပြုသော မှန်- မှန် အကွေး-အပိုင်း ၃: ဘေးကင်းရန် စီမံထားသည့် အားဖြည့်မှန်အကွေးနှင့် လွှာထပ်မှန် အကွေးတို့အတွက် လိုအပ်ချက်များ

၆၇။ MMS 63:2025 မြန်မာအီလက်ထရောနစ်မဲပေးစက် ဆိုင်ရာ စံချိန်စံညွှန်း

၆၈။ MMS ISO 15189:2022 ဆေးပညာဆိုင်ရာဓာတ်ခွဲခန်းများ- အရည်အသွေးနှင့် ကျွမ်းကျင်မှုအတွက် လိုအပ်ချက်များ

၆၉။ MMS ISO 15195: 2018 ဓာတ်ခွဲခန်းဆိုင်ရာ ဆေးပညာ-ကိုးကားတိုင်းတာသည့် နည်းလမ်းများကို အသုံးပြု၍ စံကိုက်ညှိတိုင်းတာခြင်း ဓာတ်ခွဲခန်းများ၏ အရည်အသွေးဆိုင်ရာ လိုအပ်ချက်များ

၇၀။ MMS ISO/IEC TS 17021-15:2023 စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်းဆောင်ရွက်သော အဖွဲ့များအတွက် အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းဆိုင်ရာ လိုအပ်ချက်များ - အပိုင်း (၁၅) -ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများအတွက် စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၇၁။ MMS ISO 22095:2020 ချိတ်ဆက်ဆောင်ရွက်ရန်ကွင်းဆက်- အထွေထွေဝေါဟာရများနှင့် ပုံစံများ

၇၂။ MMS ISO 22367:2020 ဆေးပညာဆိုင်ရာ ဓာတ်ခွဲခန်းများ- ဆေးပညာဆိုင်ရာ ဓာတ်ခွဲခန်းများတွင် အန္တရာယ်များကို စီမံခန့်ခွဲမှုပြုလုပ်ခြင်း

၇၃။ MMS ISO/IEC TS 27006-2:2021 သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေး ထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ- အပိုင်း(၂)- ကိုယ်ရေးကိုယ်တာ အချက်အလက်စီမံခန့်ခွဲမှုစနစ်များ

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ အောက်တိုဘာ ၁ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


ကျိုက်ထိုမြို့နယ်
ကျိုက်ထို(ပြန်/ဆက်)


မိုင်းယန်းမြို့နယ်
ထွန်းထွန်းထူး


လှိုင်ဘော်မြို့နယ်
ပြည်နယ်(ပြန်/ဆက်)


ကော့မှူးမြို့နယ်
ကျော်သူရ(ကော့မှူး)


ပူတာအိုမြို့နယ်
ဖုန်ကန်(ပူတာအို)


ကြာအင်းဆိပ်ကြီးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ပင်းတယမြို့နယ်
အောင်ကိုဦး(ပြန်/ဆက်)


မော်လမြိုင်မြို့နယ်
ခင်စန်းမြင့်(ပြန်/ဆက်)


စဉ့်ကိုင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


အမရပူရမြို့နယ်
စိုးသီဟ(အမရ)


ကြံခင်းမြို့နယ်
ဖြိုးဝေလင်း(ပြန်/ဆက်)


ချောက်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ရွှေတောင်မြို့နယ်
ကိုကိုမင်း(ပြန်/ဆက်)


ဥတ္တရသီရိမြို့နယ်
ခရိုင်(ပြန်/ဆက်)


မြစ်ကြီးနားမြို့နယ်
ပြည်နယ်(ပြန်/ဆက်)


ကျိုက်မရောမြို့နယ်
ကျိုက်မရော(ပြန်/ဆက်)


သဃ်န်းကျွန်းမြို့နယ်
ဇော်မိုး(သဃ်န်းကျွန်း)


ကဝမြို့နယ်
ရဲဇော်ဟိန်း(ပြန်/ဆက်)

# မြို့နယ်အချို့၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ အောက်တိုဘာ ၁ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။


အောင်လံမြို့နယ်
မျိုးသိန်း(ပြန်/ဆက်)


ဘီးလင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ထန်းတပင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မရမ်းကုန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


သာယာဝတီမြို့နယ်
ခရိုင်(ပြန်/ဆက်)


တိုက်ကြီးမြို့နယ်
ဝတ်ရည်(ပြန်/ဆက်)


မိုင်းဖြတ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကြို့ပင်ကောက်မြို့နယ်
ဇေယျာထွန်း(ပြန်/ဆက်)


ရမည်းသင်းမြို့နယ်
ခရိုင်(ပြန်/ဆက်)


မက်မန်းမြို့နယ်
အေဇက်ထွန်း(မက်မန်း)


ပုလောမြို့နယ်
အေးအေးမော်(ပုလော)


အိမ်မဲမြို့နယ်
ချစ်သက်လယ်(ပြန်/ဆက်)


တံတားမြို့
လှိုင်သူဇာ


မင်္ဂလာတောင်ညွန့်မြို့နယ်
မြတ်မြတ်အေး(ပြန်/ဆက်)


ကျွန်းစုမြို့နယ်
ထက်မြင့်(ကျွန်းစု)


သာကေတမြို့နယ်
သဲထက်ဇင်(ပြန်/ဆက်)


နတ်တလင်းမြို့နယ်
ဝေယံဖြိုး(ပြန်/ဆက်)


ပဲခူးမြို့နယ်
သက်ဖြိုးကြိုင်(ပြန်/ဆက်)

# မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှုများအား ကွင်းဆင်းကြည့်ရှု



**မော်လမြိုင် အောက်တိုဘာ ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဝွေးကုန်းကျေးရွာ စုပေါင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ဦးကျော်ဆန်း၏ မိုးစပါးစိုက်ခင်းသို့ ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သွင်းအားစု မြေဩဇာများ အချိန်ကာလအလိုက် စနစ်တကျ မှန်ကန်စွာ ထည့်သွင်းနိုင်ရေးနှင့် လိုအပ်ချက်များအပေါ် ဦးစီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်းရေး မှာကြားသည်။

သမဝါယမအသင်း အနေဖြင့် မိုးစပါး စိုက်ဧက ၅၁ ဧကရှိပြီး ရွှေတဆုပ်မျိုးများအား ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးထားကြောင်း၊ သွင်းအားစုအတွက် လိုအပ်သောပံ့ပိုးငွေများအား ပြည်နယ်နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးထားကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# သာယာဝတီ၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေး

**သာယာဝတီ အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ ပြည်ပပို့ကုန်သီးနှံ ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။ (ဝဲပုံ)



အဆိုပါ နည်းပညာပေးဆွေးနွေးပွဲတွင် သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုတို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးခိုင်က နည်းပညာပေးဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးပညာရှင်များက ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့်နည်းပညာများကို ဆွေးနွေးပို့ချခဲ့ပြီး တောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းဖွင့်

**ကျောက်ဆည် အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ဆီထွက်သီးနှံတစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းကို ယမန်နေ့က ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပသည်။**(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်က ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။ ယင်းနောက် ခရိုင်ဦးစီးမှူး ဒေါ်ခင်ငြိမ်းထွေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုဆွေးနွေးပြီး မြေပဲသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းလမ်းများကိုလည်းကောင်း၊ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံလွန်ကျော်ခြံ တာဝန်ခံဒေါက်တာအေးအေးမြတ်က နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးနည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်တာဝန်ခံများက ပန်းတိုင်ရရှိရေးနည်းလမ်းများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးအောင်သန်းထိုက်က နှမ်းသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးနည်းလမ်းများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်မို့မို့စိုးက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနည်းလမ်းများ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်သီတာစိန်က မျိုးကောင်း/ မျိုးသန့် သုံးစွဲခြင်းဆိုင်ရာနည်းပညာများနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီငွေက ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို ပို့ချခဲ့သည်။ အဆိုပါသင်တန်းသို့ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ် လေးမြို့နယ်မှ တောင်သူများနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# အနောက်တောင်မုတ်သုံလေ ဆုတ်ခွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်သည်။

**မိုး/ဇလ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

